# ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ ရက် တွင် စတင်ထုတ်ဝေသည်။ Established in 1957
၁၃၇၅ ခုနှစ် ၊ ကဆုန်လဆန်း ၈ ရက်၊ သောကြာနေ့ (17-5-2013) (၇၄၇၃)


## ဆိုင်ကလုန်းမုန်တိုင်းမဟာစင် အစိမ်းရောင်အခြေအနေရောက်ရှိ ရခိုင်ကမ်းရိုးတန်းတွင် မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားပြီ

နေပြည်တော် မေ ၁၆

ယနေ့ည ၈ နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်သည် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်းအားပျော့ပျက်ပြယ်သွားမည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းနှင့် ပတ်သက်၍ လက်ရှိအခြေအနေမှာ အစိမ်းရောင်အခြေအနေသို့ ရောက်ရှိခဲ့ပြီး ရခိုင်ကမ်းရိုးတန်းတွင် မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားသည့် အခြေအနေဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✳

## ယနေ့ မာတိကာ

**လူတစ်ယောက်ဟာ အလုပ်တစ်ခုကို ကိုယ်ဝါသနာပါသည်ဖြစ်စေ၊ ဝါသနာမပါသည်ဖြစ်စေ အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ အရေးကြီးပါတယ်**

စာမျက်နှာ ၆

**ခေါင်းကြေ၊ ကိုယ်ထည်ပျက်စီး ထိခိုက်မှုများရှိသည့် မော်တော်ယာဉ်များ မလျော်မကန် တင်သွင်းလာခဲ့သည့် လူပုဂ္ဂိုလ်၊ ကုမ္ပဏီများကို တင်သွင်းခွင့် တစ်နှစ်ရပ်ဆိုင်းမည်**

စာမျက်နှာ ၇

## အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်း မဟာစင်မုန်တိုင်း၏ နောက်ဆုံးအခြေအနေနှင့် ကုန်းတွင်းဖြတ်ကျော်ဝင်ရောက်မှုအခြေအနေ ရှင်းလင်းပြောကြား

နေပြည်တော် မေ ၁၆

ရခိုင်ပြည်နယ် အမ်းမြို့၌ ရောက်ရှိနေသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့ နံနက် ၈ နာရီတွင် အမ်းမြို့ တပ်နယ်အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ ဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက 'မဟာစင်' မုန်တိုင်း၏ နောက်ဆုံးအခြေအနေနှင့် ကုန်းတွင်းဖြတ်ကျော်ဝင်ရောက်မှုအခြေအနေကို ပဏာမရှင်းလင်းပြောကြားပြီး မိမိတို့ ဆပ်ကော်မတီအလိုက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများနှင့် မုန်တိုင်းလွန်ကာလ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း လစ်ဟာမှုမရှိအောင် ကြိုတင်စီစဉ်ဆောင်ရွက်ကြရန်၊မြေပြင်တွင်ရောက်ရှိနေကြသည့် တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ဆက်သွယ်မှုမပြတ်တောက်စေရေး အလေးထားဆောင်ရွက်သွားရန် ပြောကြားခဲ့သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❁



## မြန်မာ့လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ် မိုင်းဆတ်လေယာဉ်ကွင်းသို့ ဆင်းသက်စဉ် ပြေးလမ်းချော်မှုဖြစ်ပွား

နေပြည်တော် မေ ၁၆

ယနေ့နံနက် ၁၂ နာရီခန့်တွင် ရန်ကုန်မြို့မှ ထွက်ခွာလာသော မြန်မာ့လေကြောင်းပိုင် MA-60 အမျိုးအစားလေယာဉ်တစ်စင်းသည် မိုင်းဆတ်လေယာဉ်ကွင်း၌ ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းအဆုံးမှ ပေ ၂၀၀ခန့် ကျော်လွန်ပြီး ရပ်တန့်သွားခဲ့သည့် မတော်တဆမှု တစ်ခု ဖြစ်ပွားခဲ့ကြောင်း၊ ဖြစ်စဉ်တွင် ခရီးသည်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့လေကြောင်းမှ MA-60 အမျိုးအစားလေယာဉ်အမှတ် XY-AIQ လေယာဉ်သည် ခရီးစဉ်အမှတ် UB 646/ ရန်ကုန်-မိုင်းဆတ်-ဟဲဟိုး-မိုင်းဆတ်- ရန်ကုန် ခရီးစဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ နံနက် ၇နာရီ ၅၆မိနစ်တွင် စတင်ထွက်ခွာခဲ့ကြောင်း၊ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိပြီး နံနက် ၁၁ နာရီ ၀၈ မိနစ်တွင် ဆက်လက်ပျံသန်းခဲ့ရာ မိုင်းဆတ်လေယာဉ်ကွင်းသို့ နံနက် ၁၁နာရီ ၅၁ မိနစ်ခန့်တွင် ရောက်ရှိခဲ့ကြောင်း၊ လေယာဉ်အား လေယာဉ်ပြေးလမ်း (၁၂)မှ ဆင်းသက်ခဲ့သော်လည်း ရပ်တန့်ခြင်းမရှိဘဲ လေယာဉ်ပြေးလမ်းအဆုံးမှ ပေ ၂၀၀ခန့် ကျော်လွန်သွားကာ

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✧

## ရေခဲများအရည်ပျော်လာမှုကြောင့် ဧဝရတ်တောင်၏ အမြင့်ပေလျော့နည်းလာ

**ဘာသာပြန်-အောဝမ်းစိုး**

ဧဝရတ်တောင်ထိပ်ကို ဖုံးလွှမ်းလျက်ရှိသော ရေခဲများသည် ကမ္ဘာကြီးပူနွေးလာမှု၏ အကျိုးသက်ရောက်မှုကြောင့် လွန်ခဲ့သည့် နှစ် ၅၀ အတွင်း ၁၃ ရာခိုင်နှုန်း အရည်ပျော်နိမ့်ဆင်းသွားခဲ့ရကြောင်း သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့သည်။

တောင်ထိပ်ကို ဖုံးလွှမ်းလျက်ရှိသည့် ဆီးနှင်းပြင်အနားသတ်မျဉ်းမှာ ပေပေါင်း ၅၉၀အထိ လျော့ကျသွားသောကြောင့် ယခင်က ဆီးနှင်းများ ဖုံးလွှမ်းလျက်ရှိသော ကျောက်စိုင်ကျောက်သားများနှင့် သဘာဝ အပိုင်းအစများမှာ ယခုအခါ ပေါ်ထွက်လာခဲ့ရပြီဖြစ်ကြောင်း အီတလီနိုင်ငံ မီလန်တက္ကသိုလ်မှ လေ့လာမှုအဖွဲ့ခေါင်းဆောင် သိပ္ပံပညာရှင်ဆူဒိသာကူရီက ပြောကြားသည်။

အဆိုပါ လေ့လာတွေ့ရှိချက်ကို မေ ၁၄ ရက်က မက္ကဆီကိုနိုင်ငံ ကန်ကွန်မြို့၌ ကျင်းပသည့် အမေရိကန် ဘူမိရူပဗေဒသမဂ္ဂ အစည်းအဝေးတွင် ထုတ်ဖော်တင်ပြခဲ့ခြင်းဖြစ်သည်။

လေ့လာရေးအဖွဲ့သည် ဂြိုဟ်တုမှ ရိုက်ကူးထားသော ရေခဲမြစ်များ၏ သမိုင်းကြောင်းဆိုင်ရာ ဓာတ်ပုံများ၊ ဧဝရတ်တောင်မြေပုံများနှင့် ဧဝရတ်တောင်အနီး

စာမျက်နှာ ၈ ကော်လံ ၆ သို့ ❖






ကြေးမုံ စာတည်းရှုထောင့် | ၁၇-၅-၂၀၁၃၊ သောကြာနေ့

# ရွှေအလားအလာကောင်းများ

(၁၁) ကြိမ်မြောက် အာဆီယံချန်ပီယံရှစ် တိုက်ကွမ်ဒိုပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံ၍ နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ပရိသတ်သုံးထောင်ဆံ့အားကစားရုံ (ခ)တွင် မေလ ၉ ရက်မှ ၁၁ ရက်အထိ သုံးရက်ကြာ ကျင်းပခဲ့သည်။

ယင်းပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံက အသန့်ရှင်းဆုံးဆုကို ရရှိခဲ့သည်။

ပြိုင်ပွဲတွင် ဗီယက်နမ်နိုင်ငံက ရွှေ ၂၄ ခု၊ ငွေ ၁၄ ခု၊ ကြေး ရှစ်ခု စုစုပေါင်း ဆုတံဆိပ် ၄၀ ဖြင့် ပထမတံခွန်စိုက်ဗိုင်းကို ရရှိခဲ့သည်။ ရွှေ ၁၂ ခု၊ ငွေ ၁၄ ခု၊ ကြေး ၁၄ ခုဖြင့် ဖိလစ်ပိုင်က ဒုတိယ၊ မလေးရှား အသင်းက ရွှေ လေးခု၊ ငွေ လေးခု၊ ကြေး ၁၂ ခုဖြင့် တတိယရရှိကာ အိမ်ရှင်မြန်မာနိုင်ငံက ရွှေ သုံးခု၊ ငွေ ကိုးခု၊ ကြေး ၂၆ ခုဖြင့် စတုတ္ထနေရာ ရရှိခဲ့သည်ကို တွေ့ရသည်။ မြန်မာအသင်းကို ခြုံငုံသုံးသပ်ကြည့်ရလျှင် ရွှေ သုံးခုအနေဖြင့် နည်းပါသေးသည်။ ဤပွဲမျိုးတွင် လေး၊ ငါးခု ရရှိသင့်သည်။ သို့သော် ငွေတံဆိပ်နှင့် ကြေးတံဆိပ်မှာ အားရဖွယ်ကောင်းပါသည်။ အဘယ်ကြောင့်ဆိုသော် ငွေတံဆိပ်ဆုရှင်များသည် လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်မှန်းနိုင်လောက်သည့် အဆင့်တွင်ရှိနေသောကြောင့် ဖြစ်သည်။ ထို့အတူ ကြေး ၂၆ ဆုမှာလည်း ငွေအဆင့်(ဝါ) ရွှေအဆင့်သို့တက်လှမ်းနိုင်ရန် အလားအလာကောင်းများအဖြစ် တွေ့နေရပါသည်။ နည်းစနစ်၊ လေ့ကျင့်မှုနှင့် အတွေ့အကြုံများများ ထပ်ပေါင်းပေးလိုက်နိုင်ခြင်းဖြင့် ရှေ့တစ်ဆင့်တက်လှမ်းနိုင်မည့် အခွင့်အရေးများစွာ ရှိနေပါသည်။ အထူးသဖြင့် ယခုပြိုင်ပွဲတွင် အိမ်ရှင်ပီသစွာ အသန့်ရှင်းဆုံးယှဉ်ပြိုင်နိုင်ခဲ့သည်မှာလည်း ဂုဏ်ယူစရာပင်ဖြစ်ပါသည်။

စင်စစ်ထူးထူးခြားခြား ဂုဏ်ပြုစရာကောင်းသည်များလည်း ရှိ၏။ မျိုးဆက်သစ်ဂျူနီယာတန်းများတွင် ရွှေ၊ ငွေ၊ ကြေးဆွတ်ခူးနိုင်ခဲ့ခြင်းများပင်ဖြစ်သည်။ စာရေးသူအထင်ပြောရလျှင် ယင်းမျိုးဆက်သစ်ကလေးများ မွေးမြူထားရသည်မှာ ကြာလှသေးသည်မဟုတ်ပါ။ ကြောက်အားပို အတွေ့အကြုံလိုနေသည့် မျိုးဆက်သစ်အားကစားသမားများ၏ အောင်မြင်မှုသည် ပြုစုပျိုးထောင်မြေတောင်မြှောက်ပေးလျှင် ပေးနိုင်သလောက် ထွန်းတောက်နိုင်မည့်သဘောပင်။

လက်ရှိအနေအထားတွင် အားကစားသမားများအား နိုင်ငံတော်အပိုင်းမှ ဖြည့်ဆည်းပံ့ပိုးပေးနေမှုများ လိုလေသေးမရှိကြောင်း ကြားသိလိုက်ရ၏။ ယခုအခါဆီးဂိမ်းပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်အားကစားသမားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ အဖွဲ့အစည်းများဖွဲ့စည်းခြင်း၊ လစဉ်အစည်းအဝေးများ ကျင်းပပေးနိုင်တော့မည်ဖြစ်ရာ လိုအပ်နေသောကွက်လပ်တစ်ခုအား ဖြည့်ဆည်းပေးလိုက်နိုင်ခြင်းပင်ဖြစ်သည်။

ထို့ကြောင့် (၁၁) ကြိမ်မြောက် အာဆီယံချန်ပီယံရှစ် တိုက်ကွမ်ဒိုပြိုင်ပွဲကြီးသည် မြန်မာ့တိုက်ကွမ်ဒို အားကစားသမားများ၏ လက်ရှိအခြေအနေကို အနီးစပ်ဆုံးမီးမောင်းထိုးပြလိုက်ခြင်းပင်ဖြစ်သည်။ ရွှေဆုရည်မှန်းထားသည့်အတိုင်း ပေါက်မြောက်နိုင်ရန် ဖြည့်ဆည်းပံ့ပိုးပေးရမည့် လိုအပ်ချက်များကို တစ်စုံတစ်ရာ အတိုင်းအတာအထိ ခန့်မှန်းတွက်ချက်မိကြလိမ့်မည်ဟု ယူဆသည်။ ဆိုလိုသည်မှာ လာရောက်ကြည့်ရှုသည့်ပရိသတ်များ ပြောသကဲ့သို့ မြန်မာအဖွဲ့ကောင်းသည်၊ သို့သော် တစ်ခုခုလိုနေသလိုပဲ၊ ဘာလိုနေမှန်းလည်း မပြောတတ်ဘူးဆိုသကဲ့သို့ပင် ယင်းလိုအပ်ချက်ကို အဖြေရှာနိုင်ကြဖို့ပင် ဖြစ်မည်ထင်သည်။

အထူးသဖြင့် ကျန်ရှိနေသောအချိန်ကာလအတွင်း ယှဉ်ပြိုင်သင့်သည့် ဒေသတွင်းပြိုင်ပွဲများသို့ ယှဉ်ပြိုင်စေခြင်း၊ လေ့ကျင့်ခြင်းဖြင့် နိုင်ငံတကာအတွေ့အကြုံများရယူသင့်သည်။ လုံလောက်သည့်နည်းပြအရေအတွက်ကိုလည်း တိုးမြှင့်သင့်၏။ ဤသို့နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများ၊ အားကစားသမားမောင်မယ်တို့၏ မဆုတ်မနစ်သော ဇွဲလုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းအားထုတ်မည်ဆိုလျှင် မျှော်မှန်းထားသည့် ဆုတံဆိပ်များ မလွဲမသွေ ရရှိမည်ဟု ယုံကြည်ပါသည်။ ။

## လူမှုဖူလုံရေးဆေးရုံကြီးများ အဆင့်မြှင့်ရေး ဆွေးနွေး

**နေပြည်တော် မေ ၁၆**

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသော လူမှုဖူလုံရေးအဖွဲ့၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများအား ပြဋ္ဌာန်းပြီးခဲ့သော လူမှုဖူလုံရေးဥပဒေအသစ်နှင့်အညီ ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ တွေ့ဆုံဆွေးနွေးခြင်းကို ယနေ့နံနက် ၉ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ဒုတိယဝန်ကြီး ဒေါ်ဝင်းမော်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် Ava Health Care Group မှတာဝန်ရှိသူများက လူမှုဖူလုံရေး ဆေးရုံကြီးများအား ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် အကျိုးတူပူးပေါင်း၍ အဆင့်မြှင့်တင်လျက် ပိုမိုကောင်းမွန်သော ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ကုသပေးနိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၇-၅-၂၀၁၃ (သောကြာနေ့)

| | |
|---|---|
| ၅း၄၀ | "ကုသိုလ်ရှိမှ ဝမ်းမြောက်ရ" (တရားတော် ဆရာတော် ဓမ္မဒူတဒေါက်တာအရှင်ဝိမလ) |
| ၄း၃၅ | Kid's Show |
| ၅း၁၀ | Minute to Win It |
| ၇း၁၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "နေလဆုံရာ ရွှေဖူးစာ" (အပိုင်း-၂၃) |
| ၈း၂၅ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၁၀၈) |
| ၉း၁၀ | **MRTV-4** ရုပ်သံဇာတ်လမ်းတွဲ "ရင်ခုန်သံစည်းချက်" (အပိုင်း-၆) |
| ၉း၃၅ | Movie Talk (ပိတ်ကားနောက်ကွယ်မှ ဓာတ်ပုံပညာရှင်) (အပိုင်း-၂) |

## ပြည်တွင်းဆီ လက်ကားဈေးနှုန်းမြင့်တက်လာ

**ရန်ကုန် မေ ၁၆**

ဘုရင့်နောင်ကုန်စည်ဈေးကွက်တွင် ဒေါ်လာဈေးတက်မှုကြောင့် ပြည်ပစားအုန်းဆီဈေးကျသော်လည်း လက်ငင်းလက်ကားဈေးကွက်တွင် ဈေးနှုန်းထပ်တက်ရာ လက်ငင်းတစ်ပိဿာ ၁၅၁၅ ကျပ်နှုန်း မေ ၁၅ ရက်တွင် မြင့်တက်လာသည်ဟု သိရသည်။

မေ ၁၄ ရက်တွင် မလေးရှားပြည်ပ FOB စားအုန်းဆီ တစ်တန် ၈၄၀ ဒေါ်လာနှုန်းသို့ ကျလာသော်လည်း ပြည်တွင်း ငွေလဲနှုန်းမှာ ၉၁၆ ကျပ်ဖြစ်ပြီး ဆိပ်ကမ်းရောက် တစ်ပိဿာ ဈေးနှုန်း (အရင်းဈေး) ၁၄၉၉ ကျပ်ဖြစ်လာကြောင်း၊ မေ ၁၅ ရက်တွင် ပြည်တွင်းငွေလဲနှုန်း ကျပ် ၉၃၀သို့ မြင့်တက်လာသည့်သတင်းနှင့်အတူ ပြည်တွင်းဆီလက်ကားဈေးနှုန်း တက်လာခြင်းဖြစ်သည်ဟု ဈေးကွက်မှ သိရသည်။

မေ ၁၅ ရက် ဘုရင့်နောင်ဈေးကွက်သို့ ကြက်သွန်နီ အဝင်နည်းလာပြီး ဈေးနှုန်းပြန်လည်မြင့်တက်လာရာ တစ်ပိဿာလျှင် ဆိပ်ဖြူကြက်သွန်နီ ကျပ် ၄၀၀-၄၄၀-၄၅၀-၄၆၀ နှုန်း၊ တောင်တွင်း အမျိုးအစား တစ်ပိဿာလျှင် ၄၂၅-၄၇၅-၄၇၅-၄၇၅ ကျပ် နှုန်းသို့ မြင့်တက်လာသည်ဟု သိရသည်။

ဈေးကွက်တွင် အာလူးအဝယ်ရခက်ပြီး မေ ၁၅ ရက်တွင် အောင်ပန်းအာလူးတစ်ပိဿာလျှင် ကျပ် ၅၁၀-၆၁၀-၆၃၀- ၆၃၀ နှုန်းသို့မြင့်တက်လာသော်လည်း ကြူကုတ်ကြက်သွန်ဖြူမှာ တစ်ပိဿာလျှင် ကျပ် ၁၃၀၀-၁၃၅၀ နှုန်းသို့ ဈေးကျလာသည်ဟု သိရသည်။ **(မောင်စေအောင် )**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၁၆**

| | |
|---|---|
| ရန်ကုန် | ရွှေဈေး ၇၀၆၀၀၀-၇၀၇၀၀၀ |
| မန္တလေး | ရွှေဈေး ၇၀၆၀၀၀-၇၀၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်ဂါလန် | ၃၄၄၀ | ကျပ် |
| (ခ) အောက်တိန်း၉၅ | တစ်ဂါလန် | ၄၂၈၀ | ကျပ် |
| (ဂ) အောက်တိန်း၉၂ | တစ်ဂါလန် | ၃၄၄၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | |
|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = ၉၂၉. ၀၀ |
| (ခ) ဥရောပ | တစ်ယူရို | = ၁၁၉၆. ၆ |
| (ဂ) တရုတ် | တစ်ယွမ် | = ၁၅၁. ၁၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = ၃၁. ၂၈၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = ၃၀၉. ၀၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = ၁၆. ၉၅၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = ၉၁၀. ၅၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = ၈၃. ၄၀၈ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၂၀. ၄၉ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = ၇၄၆. ၆၆ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**






❀ ရှေ့ဖုံးမှ

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက ကဏ္ဍအလိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ပေါင်းစပ်ညှိနှိုင်း**

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

(သတင်းစဉ်)



ဒုတိယသမ္မတ ဦးဉာဏ်ထွန်း အမ်းမြို့တပ်နယ် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# ဘားအံမြို့ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်

**နေပြည်တော် မေ ၁၆**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းနှင့် ပြည်နယ်ဝန်ကြီးများ၊ နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Torgeir Larsen၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံသံအမတ်ကြီး Ms. Katja Nordgaard နှင့် အဖွဲ့ဝင်များသည် မေ ၁၄ ရက်မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ်အတွင်း ကေအင်န်ယူလက်နက်ကိုင်အဖွဲ့အစည်းနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုရရှိပြီးနောက် နှစ်ဖက်တပ်များ ကျင့်ဝတ်စည်းကမ်းများ လိုက်နာဆောင်ရွက်မှု၊ အမြဲမပြတ် အပြန်အလှန်ထိတွေ့ဆက်ဆံ၍ နှစ်ဦးနှစ်ဖက်နားလည်ယုံကြည်မှုများရရှိမှုများကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရှိပြီး ဒေသခံပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး ကြိုးပမ်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ ဒေသခံပြည်သူများ၏ စားဝတ်နေရေး၊ လူမှုဘဝမြင့်မား၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးတို့အတွက် ကြိုးပမ်းဖော်ဆောင်နေမှု၊ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် နော်ဝေနိုင်ငံမှ NRC အပါအဝင်အဖွဲ့အစည်းများမှ ပူးပေါင်းကူညီဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘားအံမြို့ရှိ အသက်မွေးဝမ်းကျောင်းနှင့် ဘဝအတွက် ကျွမ်းကျင်မှုများပညာရေးစင်တာသို့သွားရောက်ပြီး ဒေသခံအမျိုးသမီးငယ်များ အထည်ချုပ်လုပ်ငန်းသင်ကြားဆောင်ရွက်နေမှုနှင့် ဒေသခံလူငယ်များ မော်တော်ဆိုင်ကယ်ပြုပြင် ပြင်ဆင်ခြင်းလုပ်ငန်း သင်ကြားဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပညာရေးစင်တာစာကြည့်တိုက်၌ မှတ်တမ်းစာအုပ်များ၊ သင်ကြားရေးဆိုင်ရာစာအုပ်များ ထိန်းသိမ်းထားရှိမှုကိုကြည့်ရှုလေ့လာကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ပညာရေးစင်တာဖွင့်လှစ်ပေးနိုင်မှုကြောင့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းအတွက် အသက်မွေးဝမ်းကျောင်း အတတ်ပညာများ သိရှိတတ်ကျွမ်းလာသဖြင့် သင်တန်းများစဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၇-၅-၂၀၁၃ (သောကြာနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | မဟာဝံသမြတ်ဗုဒ္ဓ (ဒုတိယပိုင်း)<br>(သတ္တသတ္တာဟစံနေတော်မူခန်း)<br>(ကုန္နာဆွေရေးဖွဲ့ပူဇော်၍ ဖြူသီ သီဆိုပူဇော်သည်) |
| ၁၂း၀၀ | ပြည်တွင်းသတင်း၊<br>နိုင်ငံတကာသတင်း၊<br>မိုးလေဝသအခြေအနေ |
| ၁၂း၂၅ | မြန်မာရုပ်ရှင် (ဆေးရောင်စုံ)<br>"ချစ်ခြင်းရင်ခုန်ယုံကြည်စွာဖြင့်"<br>(ဒွေး၊ ရီဝေယံ၊ တင့်တင့်ထွန်း၊ အိန္ဒြာကျော်ဇင်)<br>(ဒါရိုက်တာ-လွင်မင်း) |
| ၃း၄၅ | "စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊<br>မခေါက်ကျေးရွာ၊ ရဝေထွန်း ပြောအဖွဲ့ ဖျော်ဖြေခန်း"<br>-"ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ"(မာမာအေး)(အပိုင်း-၁)<br>- မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့<br>- မြန်မာဗီဒီယိုဇာတ်လမ်း<br>"ပြင်ဆင်ခဲ့တဲ့အချစ်" (ဖြိုးငွေစိုး၊ သက်မွန်မြင့်)<br>[ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)] |

# ဘုတလင်မြို့နယ် သားရိုးကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲ ကျင်းပ

**နေပြည်တော် မေ ၁၆**

ဒီပဲယင်းမြို့နယ် မဟာဗောဓိမြိုင်ကျောင်းတိုက် ဇိနမာရ်အောင်စေတီတော်မြတ်ကြီး စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တင်မင်္ဂလာအခမ်းအနားကို မေ ၁၁ ရက် နံနက်ပိုင်းတွင် ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒီပဲယင်းမြို့နယ် နဂါးဖိုလ်ကျေးရွာ၊ ထုံးဘိုကျေးရွာ၊ သပိတ်လဲကျေးရွာ၊ ရင်းရဲကျေးရွာနှင့် အိမ်ယာကျေးရွာတို့မှဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်၊ စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထို့နောက် ဘုတလင်မြို့နယ် သားရိုးကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ဓာတ်အားခွဲရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဓာတ်အားလိုင်းအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ထနောင်းဝင်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်လွှဲပြောင်း ပေးအပ်ပွဲသို့တက်ရောက်ပြီး ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၁၂ ရက်တွင် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ အထောက်အကူပြုကော်မတီများနှင့် တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် မြင်းမူမြို့နယ် ပျော့ရွာ လျှပ်စစ်မြစ်ရေတင် ပုလဲသွယ်စပ်မျိုးစပါး နွေစပါးစံပြစိုက်ခင်းနှင့် ကံဖျားကျေးရွာ မိုးကြိုပဲတီစိမ်း စံပြစိုက်ခင်းတို့ကို ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၁၃ ရက်တွင် မုံရွာမြို့ မြစန္ဒာခန်းမ၌ ကျင်းပသော MILA Monywa International Learning Academy ကလေးများ စွမ်းရည်ပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

ထို့နောက် မုံရွာမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော National ICT Award-2013 Educational Project အထောက်အကူပြုသင်တန်းဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး အစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး၌ အမှာစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မေ ၁၄ ရက်တွင် မုံရွာမြို့ အ. ထ. က(၅) ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ အ. မ. က(၁၃)ယာယီကျောင်းဆောင် ဆောက်လုပ်နေမှု၊ အ. မ. က(၁၄)ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ အ. မ. က(၇)၊ ရန်ကင်းရပ်ကွက် အ. လ. က နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု၊ ထန်းတောအင်းစပ်ရပ်ကွက် အ. မ. ကနန္ဒဝန် ဝန်ထမ်းအိမ်ရာစခန်း တည်ဆောက်ရေးစီမံကိန်း၊ မုံရွာတက္ကသိုလ် သုံးထပ်စာသင်ဆောင်တည်ဆောက်နေမှုနှင့် ဘွဲ့နှင်းသဘင်ခန်းမတည်ဆောက်မည့်မြေနေရာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# စစ်တွေမြို့ ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိ

**နေပြည်တော် မေ ၁၆**

စစ်တွေမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ် ဘေးလွတ်ရာသို့ ပြောင်းရွှေ့လာသော ကယ်ဆယ်ရေးစခန်းများရှိ ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာန ရခိုင်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦး၊ ကျန်းမာရေးမှူးသုံးဦးစီပါဝင်သော ဆေးအဖွဲ့နှစ်ဖွဲ့က ဆေးဝါးကုသပေးလျက်ရှိရာ မေ ၁၅ ရက်တွင် သာမန်လူနာ ၈၂ ဦးအား ဆေးဝါးကုသပေးခဲ့ကြောင်း၊ အဆိုပါ ကယ်ဆယ်ရေးစခန်းတွင် ပြင်းထန်ဝမ်းပျက်၊ ဝမ်းလျှောရောဂါဖြစ်ပွားမှု မရှိကြောင်း သိရှိရသည်။

အဆိုပါ ကယ်ဆယ်ရေးစခန်းများတွင် မေ ၁၆ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာနက ဆေးခန်းများ ဖွင့်လှစ်၍ ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ဖိလစ်ပိုင်နှင့်တင်းမာမှု ဆက်လက်ဖြစ်ပေါ် တရုတ်တိုင်ပေရေတပ် စစ်ရေးလေ့ကျင့်

တိုင်ပေ မေ ၁၆

**တရုတ်တိုင်ပေ ရေလုပ်သားတစ်ဦး အသတ်ခံခဲ့ရမှုကို တုံ့ပြန်သည့်အနေဖြင့် တရုတ်တိုင်ပေရေတပ်သည် ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်းအနီး ပင်လယ်ပြင်တွင် မေ ၁၆ရက်က စစ်ရေးလေ့ကျင့်ခဲ့ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။**

လွန်ခဲ့သည့် ရက်သတ္တပတ်က ဖိလစ်ပိုင်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏ ပစ်ခတ်မှုကြောင့် အသက် ၆၅ နှစ်အရွယ် ရေလုပ်သားတစ်ဦး သေဆုံးခဲ့ရမှုအတွက် ဖိလစ်ပိုင်အစိုးရအဖွဲ့က တရားဝင် တာဝန်ယူသင့်သည်ဟု တရုတ်တိုင်ပေသမ္မတမာယင်ကျောက်က ထပ်လောင်း ပြောကြားခဲ့သည်။ ဖိလစ်ပိုင်ကမ်းရိုးတန်းစောင့်တပ်ဖွဲ့က မူ မိမိတို့၏ ရေပိုင်နက်အတွင်း ကျူးကျော်ဝင်ရောက်လာသော ငါးဖမ်းရေယာဉ်ကို ပစ်ခတ်ခဲ့ကြောင်း ပြောကြားခဲ့သည်။

ရေလုပ်သားသေဆုံးရမှုအတွက် ဒေါသထွက်နေသော တရုတ်တိုင်ပေအစိုးရက ဖိလစ်ပိုင်နိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ ဖိလစ်ပိုင်အစိုးရအဖွဲ့က ထပ်တလဲလဲ ဝန်ချ တောင်းပန်ခဲ့သော်လည်း တရုတ်တိုင်ပေက ပယ်ချခဲ့သည်။

တရုတ်တိုင်ပေသည် ဖျက်သင်္ဘောတစ်စင်း၊ဖရီးဂိတ်စစ်သင်္ဘောနှစ်စင်းနှင့် ကမ်းရိုးတန်းစောင့်သင်္ဘောလေးစင်းတို့ကို ဖိလစ်နိုင်ငံပိုင် ဘာတန်ကျွန်းအနီး ပင်လယ်ပြင်သို့ မေ ၁၆ရက်တွင် စေလွှတ်ခဲ့ကြောင်း ကာကွယ်ရေး တာဝန်ရှိသူများက ပြောကြားကြသည်။ **ပီတီအိုင်။**



တရုတ်တိုင်ပေရေတပ်၏ စစ်ရေးလေ့ကျင့်မှုကို တွေ့ရစဉ်။



# တရုတ်ဆက်သွယ်ရေးကုမ္ပဏီများကိုထောက်ပံ့ကြေးပေးမှု အီးယူစုံစမ်းမည်ဟုဆို

ဘရပ်ဆယ်လ် မေ ၁၆

ဈေးကွက်အတွင်းသို့ အဖိုးနှုန်းချိုသာသောပစ္စည်းများ အလျှံပယ်တင်သွင်းနိုင်ရေးအတွက် တရုတ်ကုမ္ပဏီများအား ထောက်ပံ့ကြေးများပေးလျက်ရှိသည်ဟု ထွက်ပေါ်လာသောသတင်းများကို စုံစမ်းစစ်ဆေးနိုင်ဖွယ်ရာရှိကြောင်း ဥရောပသမဂ္ဂ(အီးယူ)က မေ ၁၆ရက်တွင် သတိပေးလိုက်သည်။

အီရစ်ဆင်(Ericsson)ကဲ့သို့သော ဥရောပမှ မိုဘိုင်းဖုန်းထုတ်လုပ်သူများက ဆုံးရှုံးမှုနှင့်ရင်ဆိုင်နေရစဉ် တရုတ်နိုင်ငံ၏ ဟာဝေး(Huawei)တက္ကနိုလိုဂျီနှင့် ဇက်တီအီး(ZTE)ကဲ့သို့သော ကုမ္ပဏီများကို တရားမဝင်ထောက်ပံ့ခြင်းဖြင့် အားပေးကူညီနေဖွယ်ရာရှိသည့်အတွက် အီးယူက စိုးရိမ်ပူပန်လျက်ရှိသည်။

သို့သော် နှစ်ဖက်အကြားသဘောတူညီမှုတစ်ခုရရှိမည်ဟု မျှော်လင့်သည့်အတွက် ယင်းကိစ္စကို အီးယူက အလျင်စလိုဆောင်ရွက်မည်မဟုတ်ပေ။

တရုတ်နိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် အီးယူ၏ ဒုတိယအကြီးဆုံးကုန်သွယ်ဖက်ဖြစ်သည်။

တရုတ်နိုင်ငံမှတင်သွင်းလာသော မိုဘိုင်းဆက်သွယ်ရေးပစ္စည်းအပေါ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် ဥရောပကော်မရှင်က ကြာသပတေးနေ့တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း ၎င်း၏ကြေညာချက်တွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံက အဆိုပါဆုံးဖြတ်ချက်ကိုရှုတ်ချ၍ ယင်းသို့စစ်ဆေးခြင်းသည် နှစ်ဖက်ဆက်ဆံရေးကို ထိခိုက်စေမည်ဟု ပြောကြားခဲ့သည်။ **ဘီဘီစီ။**

# တက္ကဆက်ပြည်နယ်တွင် လေဆင်နှာမောင်းမွှေလူ ခြောက်ဦးသေပြီး ၁၀၀ကျော်ဒဏ်ရာရ

ဟူစတန် မေ ၁၆

ပြင်းထန်သောနွေဦးရာသီ လေဆင်နှာမောင်းတစ်ခုသည် အမေရိကန်နိုင်ငံတောင်ပိုင်းပြည်နယ် ဖြစ်သည့် တက္ကဆက်ပြည်နယ်၏ ဒေသတစ်နေရာတွင် ပြင်းပြင်းထန်ထန်တိုက်ခတ်ခဲ့ရာ လူနေအိမ်အများအပြား ပြိုပျက်သွားပြီး လူခြောက်ဦးထက်မနည်း သေဆုံးကာ လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ယနေ့ အေပီသတင်းတွင် ဖော်ပြသည်။

လေဆင်နှာမောင်း အပြင်းထန်ဆုံးခံစားရသည့် ဒေသမှာ ရန်ချိုဘရာခို့စ်ဒေသခွဲနှင့် ဆက်စပ်နေသည့် ဂရန်ဘူချီမြို့ဖြစ်ကြောင်း၊ လေဆင်နှာမောင်းသည် မေ ၁၅ရက် ည ၈နာရီခန့်တွင် တိုက်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

လေဆင်နှာမောင်းနှင့် ကြုံတွေ့ခဲ့ရသူတစ်ဦးက ယင်းမှာ အလွန်ကြောက်မက်ဖွယ်ကောင်းကြောင်း၊ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ခါယမ်းလာပြီး မီးရထားတစ်စင်း မောင်းနှင်လာသကဲ့သို့ကြားရကြောင်း ပြောကြားသည်။ **အေပီ။**

# ခေါင်းဆောင်ကြီး လီနင်၏ ဂူဗိမာန်အား အများပြည်သူအတွက် ပြန်လည်ဖွင့်လှစ်ပေး

မော်စကို မေ ၁၆

နစ်ဝင်သွားသောကြမ်းခင်းများ ပြန်လည်ပြင်ဆင်မွမ်းမံမှုကို လအတန်ကြာပြုလုပ်ခဲ့ပြီးနောက် ဆိုဗီယက်ခေါင်းဆောင်ကြီး ဗလာဒီမာလီနင်၏ဂူဗိမာန်ကို အများပြည်သူတို့ ဂါရဝပြုနိုင်ရန် မေ ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးလိုက်ကြောင်း မေ ၁၆ရက်သတင်းများတွင် ဖော်ပြသည်။

၁၉၂၄ခုနှစ်တွင် ဗလာဒီမာလီနင်ကွယ်လွန်ပြီးမကြာမီတွင် ၎င်း၏ရုပ်အလောင်းအား မပုပ်မသိုးစေရန် ဆေးစိမ်၍ မော်စကိုရင်ပြင်နီအစွန်း ကရင်မလင်နန်းတော်၏ တံတိုင်းနံရံအတွင်း လုံခြုံစွာရှိနေဟန် တည်ဆောက်ထားခဲ့သည်။

ကမ္ဘာလှည့်ခရီးသွားများအား ထူးခြားစွာဆွဲဆောင်နိုင်သော နေရာတစ်နေရာဖြစ်သည့် ခေါင်းဆောင်ကြီး လီနင်၏ ဂူဗိမာန် ပြန်လည်ဖွင့်လှစ်ပြီးနောက် ၎င်း၏အုတ်ဂူကိုလေ့လာကြရန် ခရီးသွားများ တန်းစီဝင်ရောက်ခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။ **ယူပီအိုင်။**



# ဆီးရီးယား၌ နိုင်ငံရေးအသွင်ကူးပြောင်းရေး ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်ချမှတ်

လန်ဒန် မေ ၁၆

ဆီးရီးယားနိုင်ငံ၌ နိုင်ငံရေးအသွင်ကူးပြောင်းမှုပြုလုပ်ရန်တောင်းဆိုသော ဆုံးဖြတ်ချက်တစ်ရပ်ကို ကုလသမဂ္ဂ အထွေထွေညီလာခံက မေ ၁၆ ရက်တွင် ချမှတ်လိုက်သည်။

ဆီးရီးယားအစိုးရသည် သူပုန်များကိုနှိမ်နင်းနိုင်ရေးအတွက် လက်နက်ကြီးများသုံးစွဲနေမှုကိုလည်း အဆိုပါ ဆုံးဖြတ်ချက်တွင် အပြစ်တင်ဖော်ပြထားသည်။

ကုလသမဂ္ဂအထွေထွေညီလာခံက ချမှတ်ခဲ့သော ယင်းဆုံးဖြတ်ချက်မှာ ကမ္ဘာ့နိုင်ငံများအနေဖြင့် မိမိဆန္ဒအရသာလျှင် အကောင်အထည်ဖော်နိုင်သော ဆုံးဖြတ်ချက်ဖြစ်ပြီး အလွယ်တကူပင် အတည်ပြုနိုင်ခဲ့သည်။

အဆိုပါဆုံးဖြတ်ချက်အတွက် အာရပ်နိုင်ငံများက မူကြမ်းရေးဆွဲခဲ့သည်။ အာရပ်နိုင်ငံများသည် ဆီးရီးယားသူပုန်များဘက်မှ ထောက်ခံခဲ့ကြကြောင်း၊ ဆီးရီးယားပြည်တွင်းစစ်၌ သေဆုံးသူ သူပုန်တပ်ဖွဲ့ဝင်ဦးရေ တိုးပွားလာမှုအတွက် အာရပ်နိုင်ငံများက ဒေါသဖြစ်လျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ဆီးရီးယားအစိုးရအဖွဲ့သည် လက်နက်ကြီးများကိုအသုံးပြု၍ သူပုန်တပ်ဖွဲ့ဝင်များကို တိုက်ခိုက်လာခြင်းအတွက် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချကြောင်း၊ ဆီးရီးယားအစိုးရအဖွဲ့သည် လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း ကျူးလွန်နေကြောင်း ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။

ဆီးရီးယားစစ်ပြေးဒုက္ခသည် ၁ဒသမ ၅သန်းကို ခိုလှုံခွင့်ပေးထားသော အိမ်နီးချင်းနိုင်ငံများအား ငွေကြေးထောက်ပံ့ကူညီရန် ဆုံးဖြတ်ချက်တွင် ဖော်ပြထားသည်။ **ပီတီအိုင်။**

# နီပေါတွင် လေယာဉ်ပျက်ကျ၊ သေဆုံးသူ မရှိ

ခတ္တမန္ဒူ မေ ၁၆

နီပေါနိုင်ငံမြောက်ပိုင်းတွင် ကြာသပတေးနေ့စောစောပိုင်း၌ လေယာဉ်တစ်စင်းသည် တောင်တန်းပေါ်ရှိ လေယာဉ်ကွင်းငယ်တစ်ခုသို့ဆင်းသက်စဉ် ပျက်ကျသွားခဲ့ရာ ကမ္ဘာလှည့်ခရီးသည် ဂျပန်ရှစ်ဦးအပါအဝင် လေယာဉ်ပေါ် လိုက်ပါလာသူ ၂၁ဦးမှာ ဒဏ်ရာများသာရရှိ၍ အသက်ရှင်ကြကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရသူ လေးဦးမှာ စိုးရိမ်ဖွယ်ရာအခြေအနေရှိကြောင်း ရဲအရာရှိဘင်ဗဟာဒူးချန်က ပြောသည်။ **အေပီ။**



**ပြည်တွင်း၊ ပြည်ပရေးရာ**

# (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် လိုအပ်ချက်များနှင့်ပတ်သက်၍ ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၁၆**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် လိုအပ်ချက်များနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးသောင်းထိုက်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကျင်းပရေးအတွက် Technical Handbook များ၊ အားကစားဝတ်စုံနှင့် အထောက်အကူပြု ပစ္စည်းလိုအပ်ချက်၊ GMS အစီအစဉ်အရ Timing and Score လိုအပ်ချက်များနှင့်ပတ်သက်၍ SEA GAMES ပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားအဖွဲ့ချုပ်(၃၃) ခုနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရန် ခေါ်ယူညှိနှိုင်းသည့် အစည်းအဝေးဖြစ်ကြောင်း၊ အားကစားအဖွဲ့ချုပ်အသီးသီးအနေဖြင့် သက်ဆိုင်ရာ အာဆီယံအားကစားအဖွဲ့ချုပ်များနှင့် ချိတ်ဆက်ပြီး မလိုလားအပ်သော ကုန်ကျစရိတ်များအား လျှော့ချပေးခြင်းဖြင့် နိုင်ငံတော်၏ဘတ်ဂျက်ကို အတတ်နိုင်ဆုံး လျှော့ချပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများက (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ကျင်းပရေးအတွက် သက်ဆိုင်ရာအဖွဲ့ချုပ် အသီးသီးမှ ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စစ်ဘေးကြောင့် ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ပြန်လည်ရောက်ရှိလာသော ဒေသခံများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**နေပြည်တော် မေ ၁၆**

စစ်ဘေးကြောင့် ထွက်ပြေးတိမ်းရှောင်၍ ပြန်လည်ရောက်ရှိလာသော ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် နောင်မတာကျေးရွာ၊ နောင်ခမ်းကျေးရွာနှင့် မန်ကွန်ကျေးရွာများရှိ ရွာသူ ရွာသားများအား မေ ၁၅ ရက်က တပ်မတော်မှ လိုအပ်သောဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး အဆိုပါကျေးရွာများသို့ပြန်လည်ရောက်ရှိလာသော အိမ်ထောင်စု ၂၃၇ စုတို့အတွက် ဆန်၊ ဆီနှင့် စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဖတ်ဖွယ်အစုံစုံ နိုင်ငံတကာသတင်းအဖုံဖုံ

### ရေနေနို့တိုက်သတ္တဝါများတွင် $H_1N_1$ ဗိုင်းရပ်စ် ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိ

ကယ်လီဖိုးနီးယားပြည်နယ် အလယ်ပိုင်းကမ်းခြေဒေသတွင် နေထိုင်ကျက်စားနေသော နို့တိုက်သတ္တဝါ ပင်လယ်ဖျံကြီးများတွင် $H_1N_1$ ဗိုင်းရပ်စ်ကို ပထမဆုံးအကြိမ်အဖြစ် တွေ့ရှိခဲ့ကြောင်း အမေရိကန်သုတေသီများက မေ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ယင်း $H_1N_1$ ဗိုင်းရပ်စ်ကို ၂၀၀၉ ခုနှစ်အတွင်းက လူသို့ကူးစက်သည်ကိုသာ တွေ့ကြုံခဲ့ရပြီး ယခုကဲ့သို့ ရေနေနို့တိုက်သတ္တဝါများတွင် တွေ့ရှိရမှုမှာ ယခုအကြိမ်သည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း၊ မည်သို့ကူးစက်သည်ဆိုသည့် အကြောင်းရင်းကို ရှာဖွေဖော်ထုတ်လျက်ရှိကြောင်း၊ ယင်းရေနေနို့တိုက်သတ္တဝါများနှင့် နေ့စဉ်ထိတွေ့နေသူများအား ကာကွယ်ရေးပစ္စည်းများအသုံးပြုရန် သတိပေးထားကြောင်း၊ ၎င်းသတ္တဝါများမှတစ်ဆင့် လူသို့ ဆက်လက်ကူးစက်နိုင်၍ဖြစ်ကြောင်း ကယ်လီဖိုးနီးယားတက္ကသိုလ်မှ အဆိုပါ သုတေသီများက ဆိုသည်။

- - - - - - -

### နှစ်သက်တမ်း တစ်ဘီလီယံရှိ မြေအောက်ရေများ ကနေဒါ၌ တွေ့ရှိ

ကမ္ဘာ့သက်တမ်းအရှည်ကြာဆုံးဟု ယူဆရသော နှစ်သက်တမ်း တစ်ဘီလီယံခန့်ရှိသည့် မြေအောက်ရေများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း သုတေသီများက မေ ၁၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ မီသိန်းနှင့် ဟိုက်ဒရိုဂျင်တို့ မြင့်မားစွာပါဝင်သော အဆိုပါရေများကို သတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ဆောင်နေစဉ်အတွင်း အနက် ၁၁ မိုင်မှ တူးဖော်ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း၊ ရှာဖွေတွေ့ရှိခဲ့သည့်နေရာမှာ ကနေဒါနိုင်ငံ အွန်ထရီယိုမြို့ တင်မင်ဒေသရှိ ဇင့်သတ္တုတူးဖော်ရေးလုပ်ငန်းခွင်မှဖြစ်ကြောင်း၊ ယင်းရေများ၏ သက်တမ်းတစ်ဘီလီယံဆိုသည်မှာ ခန့်မှန်းခြေမျှသာဖြစ်ပြီး ကနဦးလေ့လာချက်များအရ နှစ်သက်တမ်း ၂ ဒသမ ၆၄ အထိရှိနိုင်ကြောင်း ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ အဆိုပါသုတေသီများက ရှင်းပြပြောဆိုခဲ့သည်။

- - - - - - -

### Air India လေယာဉ်မှူး ထိန်းချုပ်ခန်းဝင်မရ၍ လေယာဉ်အရေးပေါ်ဆင်းသက်ခဲ့ရ

Air India လေကြောင်းလိုင်း၏ လေယာဉ်တစ်စင်းမှ လေယာဉ်မှူးသည် သန့်စင်ခန်းသို့ သွားရောက်ပြီးနောက် လေယာဉ်ထိန်းချုပ်ခန်းသို့ ပြန်လည်ဝင်ရောက်ရန် တံခါးဖွင့်စဉ် တံခါးမှာ လော့ခ်ကျနေခြင်းကြောင့် တွဲဖက်လေယာဉ်မှူးက လေယာဉ်ကိုအရေးပေါ် ဆင်းသက်ခဲ့ရကြောင်း ယူပီအိုင်သတင်းဌာနက မေ ၁၅ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ အဆိုပါ လေယာဉ်သည် ဒေလီမြို့မှ ဘန်ဂလောသို့ ပျံသန်းနေသော လေယာဉ်ဖြစ်ကြောင်း၊ လေယာဉ်ထိန်းချုပ်ခန်းတံခါးမှာ အပြင်မှ တစ်စုံတစ်ဦးက ဖွင့်ရန်မဆိုထားဘိ အတွင်းမှ တွဲဖက်လေယာဉ်မှူးပင် ဖွင့်၍မရကြောင်း Air India လေကြောင်းလိုင်းမှ ထုတ်ပြန်သော အစီရင်ခံစာတစ်ခု၏ အဆိုအရ သိရသည်။

- - - - - - -

-- ဟိန်းထက်လင်း - စုစည်းဖော်ပြသည် --

# ဒေသခံတိုင်းရင်းသားများအား နယ်ခြားစောင့်တပ်မှ ဆေးကုသပေး

**နေပြည်တော် မေ ၁၆**

မက်မန်းမြို့နယ် (ခွဲ)ရှိ နယ်ခြားစောင့်တပ်မှ တပ်မှူး ဗိုလ်မှူးစိုင်းယီ ဦးစီး၍ မေ ၁၃ ရက်က မက်မန်းမြို့ နယ် (ခွဲ) ဆွန်ကလောင်ကျေးရွာအုပ်စု တွယ်နောက်ကျေးရွာရှိ ကျေးရွာသူ ကျေးရွာသား ၄၀ အား အခမဲ့ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် တပ်မှူး ဗိုလ်မှူးစိုင်းယီ၊ ဦးစီးအရာရှိ/စစ်သည်များနှင့် တပ်မိသားစုများ စုပေါင်း၍ မေ ၁၄ ရက်တွင် မက်မန်းမြို့ ပညာဒီပဘုန်းတော်ကြီးကျောင်းသို့ ဆန်အိတ် ၃၀ တန်ဖိုးငွေကျပ် ၄၅၀၀၀၀ ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ကျင်းပ

**ရန်ကုန် မေ ၁၆**

မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့ ကြီးမှူး၍ Elite Tech Group of Companies က အဓိကကူညီပံ့ပိုးသော ၂၀၁၃ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ပြိုင်ပွဲ၏ ဒုတိယပွဲစဉ်အနေဖြင့် Elite Tech Open Golf Championship 2013 ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယနေ့ ၁၈ ကျင်းပြိုင်ပွဲကို မေ ၁၆ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်ဂေါက်ကလပ်(ဒညင်းကုန်း)၌ ဆက်လက်ကျင်းပသည်။

တတိယနေ့ (၁၈)ကျင်းပြိုင်ပွဲအပြီးတွင် Professional အဆင့်ပြိုင်ပွဲ၌ သိန်းဇော်မြင့် (KM Golf Centre) က သုံးရက်ပေါင်း လေးချက်လျှော့ရိုက်ပြီး ၂၁၂ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ စိုးကျော်နိုင် (Srixon) က သုံးရက်ပေါင်း နှစ်ချက်လျှော့ရိုက်ပြီး ဒုတိယလိုက်ကာ လှမျိုး (I Win Golf Academy) က သုံးရက်ပေါင်း ၂၁၆ ချက်ဖြင့် တတိယ လိုက်နေသည်။

Amateur အဆင့်ပြိုင်ပွဲတွင် သိန်းနိုင်စိုးက သုံးရက်ပေါင်း ၂၂၀ ချက်ဖြင့် ဦးဆောင်ကစားလျက်ရှိသည်။ မျိုးဝင်းအောင်က သုံးရက်ပေါင်း ၂၂၁ ချက်ဖြင့် ဒုတိယလိုက်ပြီး မောင်မောင်ဦးက သုံးရက်ပေါင်း ၂၂၅ ချက်ဖြင့် တတိယလိုက်နေသည်။

မေ ၁၇ ရက် နံနက် ၇ နာရီတွင် စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ကြေးမုံ)**

## မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

(၂၀ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ။)

၁၃ ခုနှစ်၊ လ ရက်

(၂၀ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေတွင်-

(က) ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဂ)တွင် ပါရှိသော **"မျက်စိဆေးရုံ"** ဆိုသည့် စကားရပ်ကို **"ကျန်းမာရေးဦးစီးဌာန"** ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဃ)တွင် ပါရှိသော **"မျက်စိထုတ်ယူရေးဆိုင်ရာ သင်တန်း" ဆိုသည့်စကားရပ်ကို "မျက်စိဘဏ်ကျွမ်းကျင်သူ သင်တန်း"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (င)တွင် ပါရှိသော **"မျက်ကြည်လွှာ"** ဆိုသည့် စကားရပ်ကို **"မျက်စိ"** ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

**ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရေးအတွက် ဖော်ပြခြင်းဖြစ်ပါသည်။**

# နဂါးလှေ ဖိတ်ခေါ် ပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာလှေလှော်အဖွဲ့ ထွက်ခွာ

**ရန်ကုန် မေ ၁၆**

မြန်မာလှေလှော်အားကစားအဖွဲ့သည် DBS, Marimer Regatta in Singapore နဂါးလှေဖိတ်ခေါ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး ၁၄ ဦး၊ အုပ်ချုပ်သူနည်းပြ ငါးဦးတို့သည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ စင်ကာပူနိုင်ငံသို့ ထွက်ခွာသွားသည်။

**(သတင်းစဉ်)**











| | |
|---|---|
| **Junction Square** | ( Ph - 01 527 055 ) |
| Fire With Fire | 10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 |
| | 10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 30 |
| Iron Man 3 3D | 10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 |
| | 10 : 00 ၊ 1 : 00 ၊ 4 : 00 ၊ 7 : 00 ၊ 9 : 30 |
| [illegible] | 10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 |
| | 10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30 |
| **Junction Maw Tin** | ( Ph - 01 225 244 ) |
| Spiders 3D | 10 : 00 ၊ 4 : 00 |
| | 1 : 00 ၊ 7 : 00 |
| Iron Man 3 3D | 1 : 00 ၊ 7 : 00 |
| | 10 : 00 ၊ 4 : 00 ၊ 9 : 30 |
| [illegible] | 10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 |
| | 10 : 00 ၊ 12 : 30 ၊ 3 : 30 ၊ 6 : 30 ၊ 9 : 30 |
| **Junction Nay Pyi Taw** | ( Ph - 067 421 615 ) |
| [illegible] | 10 : 30 ၊ 1 : 30 ၊ 4 : 30 ၊ 7 : 30 |

# ပြင်လိုက်ရင် လောကကြီး သာယာလှပ

ငြိမ်းချမ်း (B.E,IT)

အင်္ဂလန်နိုင်ငံသည် ဧရိယာအကျယ်အဝန်းအားဖြင့် မြန်မာနိုင်ငံ၏ သုံးပုံတစ်ပုံသာရှိသော်လည်း တစ်ချိန်က နေမဝင်အင်ပါယာကို ထူထောင်ခဲ့သည်။ တကယ်တော့ ကိုလိုနီစနစ်ဟာ ကောင်းတာတော့မဟုတ်ပါ။ သို့သော် ဒီလိုနိုင်ငံသေးသေးလေးက ကမ္ဘာကိုအုပ်စိုးခဲ့တာဟာ သူတို့ရဲ့ စွမ်းအားတွေကြောင့်ဆိုတာ ငြင်းလို့မရပါ။ ဒီစွမ်းအားတွေရဲ့ အရင်းအမြစ် ဘယ်ကလာသလဲဆိုရင် စည်းကမ်းရှိမှု၊ ပညာရှိမှု၊ လုံ့လဝီရိယရှိမှု၊ အတွေးအခေါ် အမြော်အမြင်ကြီးမားမှုတွေကြောင့်ပဲ ဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ လေးစားအားကျ အတုယူကြရမှာပါ။

တိုးတက်သောနိုင်ငံများကို လေ့လာကြည့်မယ်ဆိုရင် ဘုံတူညီသောအချက်များစွာရှိပါတယ်။ အဲဒီထဲက အရေးအကြီးဆုံးတစ်ချက်က စည်းကမ်းရှိမှုပါပဲ။ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလျှင် နိုင်ငံကြီးသားပီသမှုပါ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ စည်းကမ်းဆိုတဲ့ စကားလုံးကို နေရာတကာမှာ တွင်တွင်ကျယ်ကျယ် သုံးနေပေမယ့်လည်း တကယ်တမ်းလိုက်နာမှု အားနည်းပါတယ်။ ထင်ရှားတဲ့ သာဓကတွေ ရွေးထုတ်တင်ပြရမယ်ဆိုရင် စွယ်စုံကျမ်း တစ်ခုစာလောက် ဖြစ်နိုင်ပါတယ်။ စည်းကမ်းဆိုတာ လူတစ်ဦးချင်းစီအတွက် သူတို့ရဲ့တန်ဖိုးကို ဖော်ပြပေးနိုင်မယ့် အခြေခံအကျဆုံးအချက်တစ်ခုပါပဲ။ ရန်ကုန်မြို့တော်ကြီးကို ကြည့်မယ်ဆိုရင် လူတွေစည်းကမ်းမရှိတဲ့အတွက် အပိုကုန်တဲ့ဘဏ္ဍာငွေအရေအတွက်ဟာ ကြောက်ခမန်းလိလိပါပဲ။ အထင်ရှားဆုံးက အမှိုက်ပစ်တာပါ။ လမ်းသွားလမ်းလာတွေကလည်း အမှိုက်ကို ပုံးထဲမထည့်ဘဲ လမ်းဘေးကို ပစ်တယ်။ လမ်းဘေးဈေးသည်တွေကလည်း အမှိုက်တွေကို နီးစပ်ရာမှာပစ်တယ်။ တိုက်ခန်းတွေကနေ နောက်ဖေးလမ်းကြားထဲ ပစ်ပစ်ချလို့ တိုက်ခန်းပေါ်ကနေ ငုံ့ကြည့်လိုက်မယ်ဆိုရင် ရွံစရာကောင်းတဲ့ နောက်ဖေးလမ်းကြားကို တွေ့ရမှာပါ။ ရေမြောင်းတွေထဲ ပစ်ပစ်ချလို့ မြောင်းတွေပိတ်၊ ရေတွေလျှံတဲ့ ပြဿနာက နှစ်စဉ်နှစ်တိုင်းပါပဲ။ ရေစီးရေလာ မကောင်းမွန်တဲ့အတွက် အညစ်အကြေးတွေ စုစည်းထားသလိုဖြစ်လို့ မြို့ပြရဲ့ အနံ့အသက်ထဲမှာ ပုပ်အဲ့အဲ့ အနံ့လည်းပါပါတယ်။ ဒါဟာ ယခုကတည်းက မဟုတ်ပါဘူး။ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀ ကျော်အချိန် ကျွန်တော်ငယ်စဉ်က ရန်ကုန်ကို ပထမဆုံးအကြိမ် စရောက်ဖူးတဲ့အချိန်ကတည်းကပါ။ မြောင်းပုပ်နံ့နဲ့ ရန်ကုန်ဆိုတာကို ကျွန်တော်တွဲပြီးမှတ်မိနေတယ်။ ယခုလို အမှိုက်တွေပရမ်းပတာ စွန့်ပစ်လိုက်တာဟာ ရန်ကုန်မြို့မှာ လူဦးရေ သန်းနဲ့ချီပြီးရှိတဲ့အတွက် တစ်နေ့တစ်နေ့ စည်ပင်ကမိုးလင်းကတည်းက ရှင်းလိုက်ရတာ တစ်နေ့လုံးပဲ။ ဒါဟာ တစ်ရက်တည်းလည်းမဟုတ်ဘူး။ တစ်လလည်း မဟုတ်ဘူး။ တစ်နှစ်လည်း မဟုတ်ဘူး။ တကယ်တော့ ဖြစ်သင့်တာက စည်ပင်ကသူ့အချိန်နဲ့သူ အမှိုက်သိမ်းကားကို အမှိုက်ပုံးဘေး ထိုးရပ်ပြီး အမှိုက်ထုတ်ကောက်တင်သွားရင် ပြီးနေတဲ့ကိစ္စပါ။ အချိန်ကုန်၊ ငွေကုန်သက်သာတယ်။ မိုးတွင်းအခါသမယမှာဆိုရင်လည်း ရေစီးဆင်းမှုမရှိတဲ့ မြောင်းတွေထဲက ခြင်တွေ အပြိုင်းအရိုင်းပေါက်ပွားလာခဲ့ပြီး ကလေးတွေ သွေးလွန်တုပ်ကွေးဖြစ်လို့ နှစ်စဉ် ဘယ်လောက်ထိ သေဆုံးနေရသလဲသိချင်ရင် ကလေးဆေးရုံမှာ သွားမေးနိုင်ပါတယ်။ ဒါဟာအမှိုက်ပစ်တာပဲ ရှိပါသေးတယ်။

**တစ်နည်းအားဖြင့် ပြောရမယ်ဆိုလျှင် နိုင်ငံကြီးသား ပီသမှုပါ။ ကျွန်တော်တို့နိုင်ငံအနေနဲ့ စည်းကမ်းဆိုတဲ့ စကားလုံးကို နေရာတကာမှာ တွင်တွင်ကျယ်ကျယ် သုံးနေပေမယ့်လည်း တကယ်တမ်းလိုက်နာမှု အားနည်းပါတယ်။ ထင်ရှားတဲ့ သာဓကတွေ ရွေးထုတ်တင်ပြရမယ်ဆိုရင် စွယ်စုံကျမ်းတစ်ခုစာလောက် ဖြစ်နိုင်ပါတယ်။**



တစ်ချိန်က ရန်ကုန်မြို့ကြီးဟာ အာရှတိုက်ရဲ့ အင်္ဂလန်ပြည်လို့တောင် တင်စားခေါ်ဝေါ်ရတဲ့ အနေအထားရှိပါတယ်။ အင်မတန် သန့်ရှင်းသာယာလှပတယ်။ဒီလိုမျိုးအမှိုက်တွေ ရှုပ်ပွနေတာကို မိမိတို့ဆီကို အလည်လာတဲ့ နိုင်ငံခြားသားတွေ တွေ့မယ်ဆိုရင် စည်းကမ်းမရှိတဲ့လူမျိုးလို့ အလွယ်တကူကောက်ချက်ချနိုင်မှာဖြစ်ပြီး ဂုဏ်သိက္ခာအလွန်ကျပါတယ်။ လူတွေရဲ့ အကျင့်ဟာ တစ်ခုကိုကြည့်လိုက်ရင် ကျန်တာတွေကိုလည်း အတူတူပါပဲ။ အလုပ်လုပ်တဲ့အခါမှာလည်းအလားတူစွာပဲ ရှိမှာပါ။ စည်းမရှိကမ်းမရှိပရမ်းပတာနဲ့ နေတတ်တဲ့အကျင့်တွေဟာ လုပ်ငန်းခွင်များအတွက် အလုပ်ကိုများစွာ ထိခိုက်စေမယ့် အမူအကျင့်များပဲဖြစ်ပါတယ်။ အခြားသော အရေးကြီးတဲ့တစ်ခုက အချိန်နဲ့ပတ်သက်တာပါ။မြန်မာစံတော်ချိန်အတိုင်းဆိုတဲ့ စကားလုံးကိုကြားလိုက်တာနဲ့ ဘာကိုဆိုလိုတယ်ဆိုတာ သိနိုင်ကြမှာပါ။ ဟုတ်ပါတယ်။ ကျွန်တော်တို့ဆီမှာ နောက်ကျတယ်။ အချိန်မမီဘူးဆိုတာတွေဟာ အထူးအဆန်းမဟုတ်တော့ပါဘူး။ မသိရင် လုပ်စရာဘာမှ မရှိသလို အချိန်တွေဖြုန်းနေတာတွေဟာ မနည်းမနောပါပဲ။ ကျောင်းသားတွေမှာ သူတို့ရဲ့ ကျောင်းသင်ခန်းစာတွေကို တကယ်တမ်း ဖိဖိစီးစီးလေ့လာမယ်ဆိုရင် အချိန်ပိုမပြောနဲ့ အားလပ်ချိန်ဆိုတာတောင်မရှိပါဘူး။ တက္ကသိုလ်အဆင့်တောင် မဟုတ်ပါဘူး။ ရှစ်တန်းစာကို တစ်နေ့ပေးတဲ့စာ တစ်နေ့လုပ်၊ ဒီနေ့ကျက်ရမယ့်စာ ဒီနေ့ကျက်လုပ်ရင်တောင် ညနေကျောင်းဆင်းချိန်ရေမိုးချိုး ထမင်းစားသောက်ပြီး စလုပ်ရင်တောင် အကုန်မပြီးပါဘူး။ Home Work တွေပြီးရင်ပြီးနိုင်တယ်။ လေ့လာဖတ်ရှု ကျက်မှတ်ရမယ့်စာတွေ ပြီးပြတ်တဲ့နေ့ဆိုတာတော့ ခပ်ရှားရှားပါ။ စနေ၊ တနင်္ဂနွေမှတစ်ပတ်စာတွေကို ပြန်လုပ်မှသာ အားလုံးပြတ်ပါတယ်။ ဒါဟာရှစ်တန်းနဲ့ ဥပမာပေးတာပါ။ ဆိုလိုချင်တာကတော့ အချိန်ဆိုတာ တကယ်တမ်းလုပ်မယ်ဆိုရင် အပိုမရှိတဲ့အပြင် အချိန်မလောက်ပါဘူး။ တက္ကသိုလ်အဆင့်ဆိုရင်တော့ ပြောနေစရာမလိုတော့ပါဘူး။ ကျောင်းစာလေ့လာဖို့၊ စာကြည့်တိုက်မှာဖတ်ရှုဖို့၊ အင်တာနက်မှာ လေ့လာဖို့၊ လက်တွေ့လုပ်ဖို့၊ စာတမ်းတွေလုပ်ဖို့၊ လိုအပ်တဲ့ သင်တန်းတွေ တက်ဖို့၊ ကိုယ့်မေဂျာနဲ့ဆိုင်တဲ့ Reference စာအုပ်တွေ၊ဂျာနယ်မဂ္ဂဇင်းတွေဖတ်ဖို့၊ အားကစားလုပ်ဖို့၊ လူမှုအဖွဲ့အစည်းတွေမှာ ပူးပေါင်းပါဝင်လုပ်ကိုင်ဖို့၊ စာပေ ဂီတအားကစားလိုမျိုး ကိုယ်ဝါသနာပါတဲ့ နယ်ပယ်တွေ လိုက်စားဖို့စသည်ဖြင့် များပြားလှသောလုပ်ငန်းဆောင်တာတွေများစွာ ရှိပါတယ်။ လက်ဖက်ရည်ဆိုင်၊ ဘီယာဆိုင်မှာ လမ်းဘေးကလူတွေလို အချိန်ဖြုန်းနေမယ်။ ဂိမ်းတွေဆော့မယ်။ မဟုတ်တာတွေလုပ်နေမယ်ဆိုရင် တက္ကသိုလ် တက်တယ်ဆိုတာ အမည်ခံပဲဖြစ်တော့မှာပါ။ ငွေကုန်ပါတယ်။ စီးပွားရေးဈေးကွက်နဲ့ တွက်မယ်ဆိုရင် ရှုံးတယ်လို့ ဆိုရမှာပါ။ ဆိုခဲ့သော တက္ကသိုလ်ကျောင်းသား လုပ်ရမယ့် အလုပ်တွေကို လုပ်နေမှသာလျှင် ဘွဲ့လက်မှတ်နဲ့ ထိုက်တန်တဲ့သူတွေဖြစ်မှာပါ။ ဒီလိုမှမဟုတ်ဘူးဆိုရင် စာရွက်တစ်ခုကို ငွေများစွာ အချိန်များစွာပေးပြီး ဝယ်ယူရတဲ့သူတစ်ယောက်ပဲဖြစ်သွားမှာပါ။ တကယ်တမ်း အလုပ်လုပ်ပြီဆိုရင် အဲဒီစာရွက်က အသုံးမကျတော့ပါဘူး။ ဘွဲ့နဲ့ထိုက်တန်တဲ့ အရည်အချင်းရှိတဲ့ လူအဖြစ်ကသာလျှင် အသုံးတည့်မှာပါ။

လုပ်ငန်းခွင်ဝင်ပြီဆိုရင်လည်း ကျွန်တော်တို့ဟာ အောက်ခြေကနေ စဝင်ရပါတယ်။ ကျွန်တော်တို့ကမှ လုပ်ငန်းမကျွမ်းကျင်သေးတာ။ လုပ်ငန်းနဲ့ ပတ်သက်တဲ့ သိစရာ၊ တတ်စရာ Skills တွေက ကိုယ်ချဲ့ရင်ချဲ့သလောက် ကြီးသွားနိုင်ပါတယ်။ အလုပ်နဲ့ ပတ်သက်တဲ့ Skills တွေကို အမြဲတမ်း Update မလုပ်နိုင်ဘူးဆိုရင် မလွယ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီခေတ်မှာ ပြောင်းလဲတိုးတက်မှုနှုန်းက အလွန်မြန်ပါတယ်။ တက်သုတ်ရိုက်လုပ်ကာမှ တန်ကာကျပါမယ်။ နိုင်ငံတကာကို ရင်ပေါင်တန်းဖို့မဆိုထားနဲ့ ကိုယ်လုပ်နေတဲ့ အလုပ်ကိုပဲ ကျွမ်းကျင်ပိုင်နိုင်အောင်လုပ်နိုင်ဖို့ Professional ဖြစ်အောင်လုပ်ဖို့ဆိုတာက တော်တော်ကြီးကိုကြိုးစားအားထုတ်ပြီး အချိန်အတော်ကြာမှ ရနိုင်ပါတယ်။ ဒါတောင်နေ့စဉ် နေ့စဉ်ကြိုးစားလုပ်ကိုင်သွားမှဖြစ်ပါမယ်။ တကယ်တော့ အလုပ်ဆိုတာ ကျွန်တော်တို့ဘာလဲဆိုတာကို သတ်မှတ်ပေးမယ့် တစ်ခုတည်းသောနေရာပါ။ အောက်ပါစကားလုံးလေးကို ဖတ်ကြည့်ပါဦး။ "Ninety Percent of all development occurs on the Job" "တိုးတက်မှုမှန်သမျှရဲ့ ကိုးဆယ်ရာခိုင်နှုန်းဟာ လုပ်ငန်းခွင်ထဲမှာ ပေါ်ပေါက်တာ ဖြစ်တယ်"တဲ့၊ လူတစ်ယောက်ဟာ အလုပ်တစ်ခုကို ကိုယ်ဝါသနာပါသည်ဖြစ်စေ၊ ဝါသနာမပါသည်ဖြစ်စေအကောင်းဆုံးဖြစ်အောင်လုပ်ဖို့ အရေးကြီးပါတယ်။ ကိုယ်ကအခြေအနေအရ ဒီအလုပ်ကို လုပ်နေရလို့ စိတ်မပါ လက်မပါဖြစ်တဲ့အတွက် အားစိုက်ထုတ်မှုမရှိဘူးဆိုရင် ကိုယ့်အတွက် ဒီအလုပ်ကနေ ရမယ့် ပညာတွေ၊ လုပ်ရည်ကိုင်ရည်တွေကို ရရှိနိုင်တော့မှာမဟုတ်သလို အလုပ်မှာလည်း နာမည်ပျက်မှာပါ။ ငါက ဘာကြီးလုပ်ရမှ ဆိုတာကတော့ မဟုတ်သေးပါဘူး။ အလုပ်တွေက ကျွန်တော်တို့ရဲ့ နာမည်တွေကို တည်ဆောက်ပေးပါတယ်။ အဲဒါဟာ အလုပ်ကနေပေးတဲ့ ကျွန်တော်တို့ရဲ့ အကောင်းဆုံးသော ဆုလာဘ်ပါပဲ။ လစာထုတ်လိုက်တဲ့ငွေက တစ်လပဲသုံးလို့ရပါတယ်။ နာမည်ကတော့ တစ်သက်လုံး သုံးလို့ရပါတယ်။ ကိုယ်ကအလုပ်ကိုမရှာဘဲ အလုပ်က ကိုယ့်ကိုရှာတဲ့ အနေအထားမျိုးဖြစ်အောင် နာမည်တစ်ခုကို တည်ဆောက်ဖို့ အရေးကြီးလှပါတယ်။ ဒါကလည်း အလုပ်နဲ့ပဲ တည်ဆောက်လို့ရပါတယ်။

အနှစ်ချုပ်ဆိုရရင်တော့ နိုင်ငံတကာနဲ့ ချိတ်ဆက်လုပ်ကိုင်ရတော့မယ့် ကျွန်တော်တို့နိုင်ငံအနေနဲ့ အမြစ်တွယ်နေတဲ့ မကောင်းတဲ့အလေ့အကျင့်လေးတွေကို ပြင်လိုက်မယ်ဆိုရင် လောကကြီးဟာ သာယာလှပသွားမှာပါလို့ပဲ ဆိုချင်ပါတယ်။ ။

UP UNITED PLAZA
၂၀၁၃ ခုနှစ်၊ မေလ (၁၇)ရက်နေ့မှ (၁၈)ရက်နေ့ထိ ၊STRAND HOTEL ခန်းမကြီးတွင် ကျင်းပမည့်
PEOPLE CHOICE EXHIBITION ပြပွဲကြီးတွင် ကြွေပြား၊ ကျောက်ပြား၊ သဘာဝကျောက်ပြားမျိုးစုံ၊
ဂရင်းနိုက်ကျောက်ပြား၊ ဂရင်းနိုက်လှေကားထစ်၊ ကျောက်ပြားကော်ဇောမျိုးစုံ၊ စတီးဘေစင်မျိုးစုံ၊ ဖန်ဘေစင်မျိုးစုံ၊ CABINET မျိုးစုံ၊
MOSAIC မျိုးစုံ တို့ကို ပြပွဲကျင်းပသည့် နေ့များတွင် ၁၀% DISCOUNT ပေး၍ ရောင်းချပေးသွားပါမည်။
၁> အမှတ်(၉၆၃)၊ ပြည်လမ်း (၁၀)မိုင်ကုန်း စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ Ph : 01-664966, 667041, 09 731 55346, 09 5065786, 09 73185859
၂> ROYAL MYINT SOE အဆောင်(၉၅)၊ အခန်း(၁၈/၁၉)၊ မွေ့ဝါလမ်းမကြီး၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ Ph : 01-642877, 642122, 640001(Ext:574)
၃> ROYAL MYINT SOE အမှတ်(၃၃၃)၊ (၃၅)လမ်း၊ (၈၃ X ၈၄ လမ်းကြား)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ Ph : 02-30736, 09 4210 99912

# ကျောင်းနေအရွယ်ကလေးများ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေး နို့တိုက်ကျွေးရေးစီမံကိန်းဆောင်ရွက်

**နေပြည်တော် မေ ၁၆**

နွားနို့တွင် အာဟာရဓာတ်များ ပြည့်စုံကြွယ်ဝစွာပါဝင်ပြီး နို့တိုက်သတ္တဝါအားလုံး၏ ရှင်သန်ကြီးထွားရေးအတွက် များစွာအရေးပါသည့် အာဟာရတစ်မျိုးဖြစ်ကြောင်း၊ နွားနို့လုံလောက်စွာ သောက်သုံးခြင်းဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးပြီး ဉာဏ်ရည်တိုးတက်စေမည်ဖြစ်ကြောင်း၊ ကျောင်းနေအရွယ် ကလေးငယ်များ ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နို့တိုက်ကျွေးရေးစီမံကိန်းအား ဆောင်ရွက်နေကြောင်းဖြင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသော အခြေခံပညာကျောင်းများတွင် နို့တိုက်ကျွေးရေး ဦးဆောင်ကော်မတီနှင့် လုပ်ငန်းကော်မတီ ဒုတိယအကြိမ် အစည်းအဝေးတွင် ပြောကြားသည်။

မိမိတို့ဝန်ကြီးဌာနနှင့် Tetra Pak, South and Southeast Asia ကုမ္ပဏီတို့ပူးပေါင်းပြီး (၂၀၁၃-၂၀၁၄) ပညာသင်နှစ်တွင် ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူ ၄၅၀၀၀ အား ဇွန်လတတိယပတ်မှ စတင်၍ စာသင်နှစ်တစ်လျှောက်သုံးနှစ်ဆက်တိုက် နို့တိုက်ကျွေးသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနအဖွဲ့အစည်းများအနေဖြင့် မျိုးဆက်သစ်လူငယ်လူရွယ်များ၏ ဉာဏ်ရည်ပွင့်လင်းပြီး ဘဝတိုးတက်မြင့်မားလာစေရန်အတွက် ညှိနှိုင်းအကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ကျောင်းနေအရွယ်ကလေးငယ်များအား သန့်ရှင်းလတ်ဆတ်သော UHI နို့တိုက်ကျွေးသွားခြင်းဖြင့် ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ အမူအကျင့်များဖွံ့ဖြိုးတိုးတက် ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ နို့တိုက်ကျွေးရေးစီမံကိန်းအား အရှိန်အဟုန်မြှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဝန်ကြီးဌာနများနှင့် Tetra Pak, South and Southeast Asia ကုမ္ပဏီတို့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဆန်းစစ်တာဝေးစက်ဘီးပြိုင်ပွဲ ကျင်းပရေးဆွေးနွေး

**နေပြည်တော် မေ ၁၆**

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်သည် မေ ၁၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားပြိုင်ဝင်းရှိ ဘောလုံးလေ့ကျင့်ရေးကွင်းအမှတ်(၂)၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် အမျိုးသမီးဘောလုံးအားကစားသမားများ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသည့် (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ဆန်းစစ်တာဝေးစက်ဘီးပြိုင်ပွဲကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများက ဆန်းစစ်စက်ဘီးပြိုင်ပွဲကျင်းပမည့် အစီအစဉ်ကို ရှင်းလင်းတင်ပြကာ ကော်မတီများမှ ကိုယ်စားလှယ်များက ဆောင်ရွက်ထားမှုများအား တင်ပြဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ပြည်သူပါဝင်သော လျှပ်စစ်စွမ်းအားကဏ္ဍမြှင့်တင်ရေးအစီအစဉ်ဖြင့် မီးလင်းတော့မည့် ပေါက်ကုန်းရွာ၌ လျှပ်စစ်ဓာတ်တိုင်နှင့်ဓာတ်ကြိုးများ စိုက်ထူသွယ်တန်းထားသည်ကို တွေ့ရစဉ်။

# ခရမ်းမြို့ ပေါက်ကုန်းကျေးရွာ အမှတ်(၁၀) ရပ်ကွက်၌ လျှပ်စစ်မီးလင်းတော့မည်

**ခရမ်း မေ ၁၆**

ပြည်သူပါဝင်သော လျှပ်စစ်စွမ်းအားကဏ္ဍမြှင့်မားရေးအစီအစဉ်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်ဓာတ်အားပေးရေးအဖွဲ့(ခရမ်းမြို့နယ်)နှင့် ခရမ်းမြို့ အမှတ်(၁၀)ရပ်ကွက် ပေါက်ကုန်းကျေးရွာ မီးလင်းရေးကော်မတီတို့ပူးပေါင်း၍ ဌာနနှင့် ပြည်သူပူးပေါင်း အကုန်အကျခံသောစနစ်ဖြင့် ကျေးရွာအရောက် မီးတိုင်များစိုက်ထူခြင်း၊ ဓာတ်အားကြိုးများသွယ်တန်းခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းကို အိမ်ခြေ ၈၀၊ လူဦးရေ ၅၀၀ ခန့်ရှိသော ပေါက်ကုန်းကျေးရွာ၌ ဆောင်ရွက်လျက်ရှိသည်။

မြို့နယ်ဓာတ်အားပေးအဖွဲ့က ခရမ်းမြို့ အမှတ်(၁၀)ရပ်ကွက် ပေါက်ကုန်းကျေးရွာထိပ်အထိ ဓာတ်တိုင်များစိုက်ထူပြီး ဓာတ်ကြိုးများသွယ်တန်း၍ ထရန်စဖော်မာတစ်လုံး တပ်ဆင်ထားပြီဖြစ်သောကြောင့် အိမ်သုံးမီတာများတပ်ဆင်ပြီးပါက ပေါက်ကုန်းကျေးရွာ၌ လျှပ်စစ်မီးလင်းတော့မည်ဖြစ်သည်။

**သတင်းနှင့်ဓာတ်ပုံ ➤ ခရမ်းစိုးမြင့်**

# ယာဉ်တင်သွင်းသူများ ဝမ်းမြောက်ဖွယ်

**ရန်ကုန် မေ ၁၆**

ယာဉ်အို၊ ယာဉ်ဟောင်းအစားထိုးတင်သွင်းခြင်းနှင့် ကနဦးမှတ်ပုံတင်ပေးခြင်းအတွက် ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)နှင့် ယာဉ်သက်သေခံလက်မှတ်(အဝိုင်း) ထုတ်ပေးခြင်းကို ကနဦးမှတ်ပုံတင်ခငွေပေးသွင်းပြီး ယခင် ၂၁ ရက် (သုံးပတ်ခန့်) အချိန်ယူဆောင်ရွက်ပေးနေရခြင်းမှ ယခု မေ ၁၅ ရက်မှစတင်ပြီး လုပ်ငန်းများသွက်လက်မြန်ဆန်အောင် လုပ်ဆောင်သည့်အနေဖြင့် ၁၄ ရက် (နှစ်ပတ်အကြာ)တွင် ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(စိုးဝင်း-MLA)


## CB Bank ဘဏ်ခွဲသစ်များ ဖွင့်လှစ်ခြင်း



CB Bank ဘဏ်ခွဲသစ်(၃)ခုကို ထပ်မံဖွင့်လှစ်လိုက်ပြီး ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ Customer များ စိတ်ကျေနပ်ချမ်းမြေ့မှုရှိစေရန် အကောင်းဆုံး ဘဏ်လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း မိတ်ဆွေများအား သတင်းကောင်းပါးလိုက်ပါသည်။

**တော်ဝင်စင်တာမီနီဘဏ်ခွဲ (10.4.2013)**
အမှတ်(၄၅)၊ တော်ဝင်စင်တာ ဘီ(1) ပြည်လမ်း၊ ဒဂုံမြို့နယ်။
Tel : (01) 86000 74 Fax : (01) 86000 65, 86000 64

**စစ်တွေဘဏ်ခွဲ (3.5.2013)**
အမှတ်(လမ/၃၅)၊ လမ်းမကြီး၊ ရွှေတောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်။
Tel : (043) - 228 11, 228 08 Fax : (043) - 228 09, 228 10, 228 12

**ဆရာစံပလာဇာဘဏ်ခွဲ (3.5.2013)**
အမှတ်(၅/စေ) ပထမထပ်၊ တက္ကသိုလ်ရိပ်သာလမ်းနှင့်ဆရာစံလမ်းထောင့်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Tel : (01) - 559 006, 559 633 Fax : (01) - 559 144, 559 184

အနုပညာ

# လီယိုနာဒို၏ ဇာတ်ကားသစ်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည့် ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်

မေ ၁၅ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် ပြင်သစ်နိုင်ငံ၏ အထင်ကရ ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ပြင်သစ်နိုင်ငံ ကိန်းမြို့တော်၌ မေ ၁၅ ရက် ညနေပိုင်းက လူကြိုက်များသည့် ရုပ်ရှင်ကားတစ်ကားဖြစ်သည့် သရုပ်ဆောင် လီယိုနာဒိုဒီကာပရီယို ခေါင်းဆောင်အဖြစ် ပါဝင်သရုပ်ဆောင်ထားသည့် The Great Gatsby ဇာတ်ကားဖြင့် စတင်ဖွင့်လှစ်ပေးခဲ့သည်။



ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် အဖွင့်ပွဲစဉ်အဖြစ် ပြသခဲ့သည့် The Great Gatsby ဇာတ်ကားမှ သရုပ်ဆောင်များကို ပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် တွေ့ရစဉ်။

ယင်းဇာတ်ကားသည် စတင်ပြသချိန်ကတည်းက ရုံဝင်ငွေ ၅၁ ဒသမ ၁ သန်းဖြင့် အောင်မြင်မှုများရရှိလာခဲ့သော ဇာတ်ကားတစ်ကားဖြစ်သည်။ အဆိုပါ ဇာတ်ကားသည် မြောက်အမေရိကရုပ်ရှင်ရုံများ၌ စတင်ရုံတင်ပြသခဲ့ပြီးဖြစ်သော်လည်း ဥရောပဒေသ၌ စတင်မိတ်ဆက်ပြသခြင်းအနေဖြင့် ယခု ကိန်းရုပ်ရှင်ပွဲတော်ဖွင့်ပွဲတွင် စတင်မိတ်ဆက်ပြသလိုက်ခြင်းလည်း ဖြစ်သည်။ The Great Gatsby ဇာတ်ကားသည် စာရေးဆရာ F. Scott Fitzgerald ၏ ၁၉၂၅ ခုနှစ်က ရောင်းအားအကောင်းဆုံး ဝတ္ထုစာရင်းဝင် ၎င်းအမည်တူဝတ္ထုကို ဒါရိုက်တာ Baz Luhrmann က ရိုက်ကူးပုံဖော်ထားခြင်း ဖြစ်သည်။

အဆိုပါ ကိန်းနိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ဂျူရီအဖွဲ့၏ ဥက္ကဋ္ဌအနေဖြင့် အမေရိကန်ဒါရိုက်တာ စတီဗင်စပီးလ်ဘတ်ခ်က တာဝန်ယူ ဆောင်ရွက်မည်ဖြစ်ပြီး အခြား ဒိုင်အဖွဲ့ဝင်များအနေဖြင့် တရုတ်ဒါရိုက်တာအန်းလီ၊ သရုပ်ဆောင် နစ်ကိုးလ်ကတ်ဒ်မင်းန်၊ တရုတ်မင်းသမီး ကျန်းကျိရီနှင့် သရုပ်ဆောင် ခရစ္စတိုဝေါ့လ်ဇ် တို့က ပါဝင် ဆောင်ရွက်ပေးကြမည်ဖြစ်သည်။

ထို့ပြင် ယင်းရုပ်ရှင်ပွဲတော်၏ ပိတ်ပွဲအခမ်းအနားကို ဒါရိုက်တာ Jérôme Salle ၏ ဇာတ်ကားဖြင့် ပိတ်ပွဲကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

## အလှဆုံးမိန်းကလေးဂီတအဖွဲ့ဝင်အဖြစ် မဲပေးခံခဲ့ရသူ miss A အဖွဲ့ဝင် ဆူဇီ

တောင်ကိုရီးယားနိုင်ငံ အွန်လိုင်းသုတေသနအဖွဲ့က ယင်းနိုင်ငံရှိ အမျိုးသမီးဂီတအဖွဲ့များမှ အလှဆုံး မိန်းကလေးဂီတအဖွဲ့ဝင်ဆုအတွက် မဲပေးရွေးချယ်ခြင်းများကို မေ ၈ ရက်မှ ၁၂ ရက်အထိ ကျင်းပခဲ့ရာ ကေပေါ့ပ်အဖွဲ့တစ်ဖွဲ့ဖြစ်သည့် missA အဖွဲ့မှ အဖွဲ့ဝင်ဆူဇီက အလှဆုံးမိန်းကလေးဂီတအဖွဲ့ဝင်ဆုအဖြစ် မဲပေးရွေးချယ်ခြင်းခံခဲ့ရသည်။



ဆူဇီသည် ၂၉ ရာခိုင်နှုန်းသော မဲအရေအတွက်ဖြစ်သည့် မဲပေါင်း ၆၄၃၀ ဖြင့် အလှဆုံးမိန်းကလေးဂီတအဖွဲ့ဝင် အဖြစ် ရွေးချယ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

missA အဖွဲ့မှ အဖွဲ့ဝင်ဆူဇီသည် ယခုလက်ရှိတွင် အလုပ်အရှုပ်ဆုံးအဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ၎င်းသည် မကြာခင်က အမ်ဘီစီရုပ်သံလိုင်း၏ Gu Family Book ဒရာမာဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားခဲ့သည်။

အဆိုပါမဲပေးရွေးချယ်မှုတွင် Girls' Generation အဖွဲ့မှ YoonAh က မဲအရေအတွက် ၅၅၉၅ ဖြင့် ဒုတိယရရှိခဲ့ပြီး f(x) အဖွဲ့မှ Krystal က မဲအရေအတွက် ၁၈၈၉ မဲ၊ 2NE1 အဖွဲ့မှ Sandara Park က မဲအရေအတွက် ၁၆၅၃ မဲ၊ KARA အဖွဲ့မှ Gu Ha-ra က မဲအရေအတွက် ၁၂၅၉ မဲ တို့ဖြင့် အသီးသီး ရရှိခဲ့ကြကြောင်း သိရသည်။

## PEE MAK ဇာတ်ကားပြသ

ထိုင်းနိုင်ငံ၌ ရုပ်ရှင်ပြသမှုသမိုင်းတစ်လျှောက် ဝင်ငွေအများဆုံး စံချိန်တင်ထားသော PEE MAK ဇာတ်ကားကို မင်္ဂလာ(၁)၊ သိမ်ကြီးဈေးရုပ်ရှင်ရုံ၊ နေပြည်တော်ရုပ်ရှင်ရုံနှင့် မြို့မရုပ်ရှင်ရုံတို့တွင် ရုံတင်ပြသလျက်ရှိသည်။

စစ်ထွက်များသည့် Mak (Mario Maurer) သည်စစ်ပွဲပြီးဆုံး၍ ဇနီးဖြစ်သူ Nak (Davika Hoorne) ရှိရာသို့ ပြန်လာချိန်တွင် ဇနီးမှာ သရဲတစ္ဆေဖြစ်နေသည်ဟု ကောလာဟလသတင်းထွက်နေသည်။

သူငယ်ချင်းများနှင့် ရွာသားများက ဇနီးဖြစ်သူမှာ သေဆုံးတာကြာပြီဖြစ်ကြောင်း Mak အား ဖျောင်းဖျပြောဆို ရပုံကို ဟာသနှောကာ ရိုက်ကူးထားသည့်ဇာတ်ကားဖြစ်သည်။

ဒါရိုက်တာ Banjong Pisanthanakun ရိုက်ကူးထားပြီး Mario Maurer နှင့် Davika Hoorne၊ Nattapong chadpong တို့က ပါဝင် သရုပ်ဆောင်ထားသည်။

သမ္မတ၊ သွင်နှင့် ဝင်းလိုက်ရုပ်ရှင်ရုံတို့တွင် **အမုန်းမီးတောက်**ဇာတ်ကား၊ မင်္ဂလာ(၂)၊ ဒဂုံစင်တာ(၂)၊ မြေနီကုန်းရုံတွင် JURASSIC PARK (3D) ဇာတ်ကား၊ ရွှေဆောင်ရုံတွင် OBLIVION ဇာတ်ကားနှင့် TOPROYAL ရုံတွင် G.I.JOE: RETALIATION G.I.JOE (ခ) (3D) ဇာတ်ကားတို့ ပြသလျက်ရှိကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

ကောင်းဆက်




### တင်ဒါဖိတ်ကြားခြင်း

လူသာရမ်ဝေါဖက်ဒရေးရှင်း(INGO)အဖွဲ့မှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် အောက်ပါပစ္စည်းများအား တင်ဒါဖိတ်ခေါ်အပ်ပါသည်။

(၁)တစ်ကိုယ်ရေသန့်ရှင်းရေး အသုံးအဆောင်များ(Hygiene Kit) ၅၀၀၀စုံ

(၂)ကျောင်းသုံးပစ္စည်းများ(School kit) ၅၀၀၀စုံ

စိတ်ပါဝင်စားသူများသည် တင်ဒါပုံစံများအား အောက်ဖော်ပြပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါထုတ်ယူရမည့်နေ့ရက်-၁၇ရက် မေလ ၂၀၁၃ မှ ၂၈ရက် မေလ ၂၀၁၃အတွင်း

တင်ဒါတင်သွင်းရမည့်နေ့ရက်-၁၇ရက် မေလ ၂၀၁၃ မှ ၂၉ရက် မေလ ၂၀၁၃အတွင်း

ဆက်သွယ်ရန်လိပ်စာ

လူသာရမ်ဝေါဖက်ဒရေးရှင်းရုံး(စီမံခန့်ခွဲရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဌာန)

အမှတ်(၄၄)၊ ပြည်လမ်း၊ ဘီးရှော့ဟုမ်းဝင်း၊ (စိန်ဂေဟာအနောက်)

ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၃၇၈၀၇၈၊ လိုင်းခွဲ ၁၀၄/၁၀၅၊ ၀၉-၄၉၃၂၂၃၅၇






### မှုးယစ်ဆန့်ကျင် အောင်ပွဲဆင်

### ဂလေစီယာ

Air Con Service
09-450019478
09-5086437
သယ်န်းကျွန်း၊ ဘီအိုစီ

### ကျေးဇူးဆပ်ပါမည်

မော်တော်ယာဉ်တင်သွင်းခွင့် သွင်းကုန်ပါမစ် လိုင်စင်အမှတ် (ISP IDV8 12-13 11647-07/09/12)နှင့် (ISP IDV8 12-13 12431-13/09/12) နှစ်စောင်သည် ၉-၅-၂၀၁၃ရက်နေ့၌ ပန်းဘဲတန်းမြို့နယ်အတွင်း သွားလာလုပ်ကိုင်နေစဉ် ကျပျောက်ဆုံးခဲ့ပါသည်။ သို့ဖြစ်ပါ၍ တွေ့ရှိပါက ဖုန်း-၂၅၄၀၈၇ သို့ ဆက်သွယ်၍ အကြောင်းကြားပေးလျှင် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။










## သရက်မြို့၌ ဆိုင်ကယ်မျက်နှာချင်းဆိုင်တိုက်

**သရက် မေ ၁၆**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့ မင်းတုန်းလမ်း၌ ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁၅ ရက် ည ၈ နာရီတွင် သရက်- မင်းတုန်းကားလမ်း ဆင်ဖြူတောင် လမ်းဆုံအနီး၌ အနောက်မှ အရှေ့သို့ မြင့်ထွန်းနိုင် (၃၇) နှစ် သိမ်ကြီးလမ်း တောင်မင်းတည်းရပ်ကွက် သရက်မြို့နေသူမောင်းနှင်ပြီး ယာဉ်နောက်မှ ပြည့်ဖြိုးမောင် (၁၆) နှစ် (လိုပ်စာတူ) လိုက်ပါလာသည့် ကမ်ဘို ၁၁၀ အနက်ရောင်ဆိုင်ကယ် (စိစစ်ဆဲ)နှင့် အရှေ့မှအနောက်သို့ ဝင်းနိုင် (၄၀)နှစ် ဇီးတောကျေးရွာ အလတ်လယ်ကျေးရွာအုပ်စု သရက်မြို့နယ်မောင်းနှင်သည့် ၂၂ယ/--- နယူးအမ်ဘို ၁၂၅ အမျိုးအစား အပြာရောင်တို့ မျက်နှာချင်းဆိုင်တိုက်မိရာ မြင့်ထွန်းနိုင်တွင် ဘက်မျက်ခုံး သုံးလက်မခွဲခန့် ပေါက်ပြဲဒဏ်ရာနှင့် နှာခေါင်းသွေးထွက် ဒဏ်ရာ၊ ပြည့်ဖြိုးမောင်တွင် ဘယ်ပေါင်ပွန်းပဲ့ဒဏ်ရာ၊ ဝင်းနိုင်တွင် ဘယ်မျက်ခုံးအထက် သုံးလက်မခွဲခန့် ပေါက်ပြဲဒဏ်ရာနှင့် နှာခေါင်းသွေးထွက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သရက်ရဲစခန်းက ယာဉ်(ပ) ၈/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၃၇/၃၃၈ အရ အမှုစစ်အရာရှိ ဒု-ရဲအုပ် မောင်မောင်တိုးက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုကိုအောင်(သရက်)**



## အမြန်လမ်း၌ ယာဉ်လမ်းဘေးချောက်ထဲကျ လူသေဆုံးမှုမရှိ

**နေပြည်တော် မေ ၁၆**

နေပြည်တော် -ရန်ကုန် အမြန်လမ်း၌ မေ ၁၄ ရက် ညနေပိုင်းတွင် ရန်ကုန်မှ နေပြည်တော်သို့ မောင်းနှင်လာသော ၆ဂ/. . . . ToyotaWave အမျိုးအစား မော်တော်ယာဉ်သည် မိုင်တိုင် (၁၆၅) ၌ ဘရိတ်အုပ်စဉ် စလစ်ဖြစ်ကာ လမ်းဘေးချောက်ထဲကျသွားကြောင်း သိရသည်။ (ဓါတ်ပုံ)

အဆိုပါ ဖြစ်စဉ်ကြောင့် မော်တော်ယာဉ်မှာ ရှေ့လေကာမှန်ကွဲသွားပြီး ကားခေါင်းပိုင်း ပျက်စီးသွားသော်လည်း လူအသေအပျောက်မရှိဘဲ ယာဉ်မောင်း၏ လက်တွင်သာ ထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။ **(၀၁၉)**

## သံထည်အဟောင်းရောင်းတဲ့ ဦးဇော်ကြီးရှင်တို့ရဲ့ ဖြစ်ပုံ

**ကျောက်ပန်းတောင်း မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ကျောင်းပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက် ကြွယ်ဝတောင်အနီးယာခင်းထဲတွင် မေ ၁၅ ရက် ညနေ ၃ နာရီ ၁၅ မိနစ်ခန့်က ကျယ်လောင်သောပေါက်ကွဲသံကြားရသဖြင့် မြို့နယ်တာဝန်ရှိသူများက သွားရောက်စစ်ဆေး၍ ကျောက်ပန်းတောင်းတပ်နယ်သို့ ဖြစ်စဉ်နှင့်ပတ်သက်၍ သတင်းပေးပို့ခဲ့ရာ တပ်နယ်မှူးနှင့် တာဝန်ရှိသူများ ဦးဆောင်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်ညို၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးရဲထွဋ်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ပန်းတောင်းမြို့ သီရိမင်္ဂလာရပ်ကွက်နေ ဦးစိန်ဝင်း (၃၆)နှစ်ပိုင်အိမ်မှ မေ ၁၅ ရက် နံနက် ၉ နာရီတွင် ရေကန်ပြုလုပ်ရန်အတွက် အလျား ခြောက်ပေ၊ အနံ လေးပေ၊ အနက်နှစ်ပေခွဲရှိ မြေကျင်းတူးရာမှ အမျိုးအမည်မသိ ပစ္စည်း(စုံစမ်းဆဲ) အလေးချိန် ငါးပိဿာ၊ အရှည်တစ်ပေ၊ တစ်လက်မ၊ လုံးပတ် ၁၀ လက်မ၊ အချင်း သုံးလက်မအရွယ်ရှိပစ္စည်းနှစ်ခု၊ အလေးချိန် သုံးပိဿာ ၇၅ ကျပ်သား၊ အရှည် ၁၀ လက်မ၊ လုံးပတ် ၁၀ လက်မ၊ အချင်း သုံးလက်မအရွယ်ရှိ ပစ္စည်းလေးခု စုစုပေါင်း ခြောက်ခုအား **(အပေါ်ဓာတ်ပုံ)** နံနက် ၁၁ နာရီခန့်တွင် တွေ့ရှိရ၍ မြေကျင်းတူးဖော်သည့် အလုပ်သမားဖြစ်သူ ဦးဇော်လင်း(၃၁)နှစ် သီရိမင်္ဂလာ ရပ်ကွက်နေသူက အဆိုပါပစ္စည်းခြောက်ခုအနက် ငါးခုကိုယူ၍ သူငယ်ချင်းဖြစ်သူ ဦးဇော်မင်းအောင် (၂၈)နှစ်နှင့် အတူ မြို့မတောင်ရပ်ကွက်ရှိ သံတိုသံစပစ္စည်းအဟောင်းဆိုင်သို့ သွားရောက်ရောင်းချရာ သံထည်ပစ္စည်းအဟောင်းဆိုင်က ၎င်းပစ္စည်းများအား မီးရှို့ကြည့်၍ ပေါက်ကွဲမှုရှိ/မရှိစမ်းသပ်ပြီး



ပေါက်ကွဲစေသောပစ္စည်းမဟုတ်မှ ဝယ်ယူမည်ဟုဆိုသဖြင့် ညနေ ၃ နာရီခန့်တွင် အခင်းဖြစ်နေရာ၌ ၎င်းတို့ယူဆောင်လာသည့် သံထည်ပစ္စည်း ငါးခုအနက် သုံးခုအား လှဲ၍ နှစ်ခုကိုထောင်လျက်အနေအထားဖြင့် သက်ငယ်အမှိုက်များဖုံးအုပ် မီးရှို့ပြီး အဝေးမှစောင့်ကြည့်နေစဉ် ၁၅ မိနစ်ခန့်အကြာ၌ ကျယ်လောင်စွာ ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်းသိရပြီး ၎င်းတို့နှစ်ဦးမှာ မြေကျင်းတူးသည့် အိမ်သို့ ပြန်လည်ထွက်ပြေးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်နှင့်ပတ်သက်၍ တွေ့ရှိသည့် သံထည်ပစ္စည်းအဟောင်းများအား နယ်မြေခံတပ်ရင်းလက်နက်တိုက်တွင် သိမ်းဆည်း၍ စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် ပေါက်ကွဲမှုကြောင့် လူ/တိရစ္ဆာန်နှင့် အဆောက်အအုံများ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။ **(၆၂၈)**

### မီးဖိုမီးကြွင်းအား သတိပြုရန်

(က) သင့်ရဲ့အိမ်မှာ မီးဖိုမီးကြွင်းမှတစ်ဆင့် မီးလောင်မှုများဖြစ်ပွားတတ်သဖြင့် မီးဖိုများသုံးစွဲပြီးပါက မီးငြိမ်းသတ်ခြင်းကို မမေ့မလျော့ဘဲ ပြုလုပ်ရန်။

(ခ) သင့်မိသားစုဝင်အားလုံး အပြင်သွားမည်ဆိုပါက သုံးစွဲနေသော လျှပ်စစ်ပစ္စည်းများရှိပါက မီးကိုပိတ်၊ ပလပ်ကိုဖြုတ်၊ မိန်းခလုတ် (Main Switch) တို့ကို ချထားပြီးမှ အပြင်သွားခြင်းကို သတိထားပြီး အလေ့အကျင့်ပြုလုပ်ပါ။

(ဂ) မီးဖိုမီးကြွင်းမီးကျန်များကို မေ့လျော့ပေါ့ဆစွာ မငြိမ်းသတ်ထားခြင်းနှင့် အိမ်တွင်လူစောင့်မထားဘဲ တစ်အိမ်လုံး အပြင်သို့သွားစဉ် မီးအားမြှင့်စက်နှင့် မိန်းခလုတ်တို့အား ချမထားခြင်းတို့ကြောင့် မီးလောင်မှုများ ဖြစ်ပွားတတ်သည်ကို အသိတရားဖြင့် သတိထားရန်။ **မီးသတ်ဦးစီးဌာန။**


# ဂုဏ်ယူဝမ်းမြောက်ခြင်း

ဂရိတ်ဝေါ(လ်)ကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်သည် ၁၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ စိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင်ဆု ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အနာဂတ်တွင်လည်း နိုင်ငံနှင့်လူမျိုးအကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဂရိတ်ဝေါ(လ်)ကုမ္ပဏီလီမိတက် - ရန်ကုန်ရုံးဝန်ထမ်းများ
- မန္တလေးရုံးဝန်ထမ်းများ

GW

**ပျောက်ဆုံး**
ကျွန်တော် မောင်ရဲဝေယံထွဋ်၏ နိုင်ငံကူးလက်မှတ်(M-375107)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးကြပါ။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉ ၄၂၃၇၄၃၅၄၃

**ပျောက်ဆုံးခြင်း**
RED DRAGON ASIA GROUP CO.,LTD၏ ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်အမှတ် (ထသက-၂၃၆၆၈) ရက်စွဲ ၂-၁၀-၂၀၀၉ ကတ်ပြားမူရင်းမှာပျောက်ဆုံး၍ တွေ့ရှိက ပေးပို့ပါရန်။
ဖုန်း-၃၉၇၂၃၅

**အမည်ပြောင်းလဲခေါ်ပါရန်**
အဖ ဦးထွန်းထွန်းနိုင်[၁၂/ကခက (နိုင်) ၀၆၅၃၉၄]၏သား အထက(၁) ဒဂုံ ပဉ္စမတန်းတွင် တက်ရောက်ပညာသင်ကြားမည့် မောင်ဖိုးသောကြာအား မောင်သန့်စင်ဖြိုးဟု ပြောင်းလဲ ခေါ်ပါရန်။ **မောင်သန့်စင်ဖြိုး**




**တိုက်ခန်း/အဆောင်ငှားမည်**
ပုဇွန်တောင်ဈေးအနီး၊ ရေကျော်လမ်းမကြီး
ဖုန်း-၀၉၅၀၁၉၁၅၅

ဥတုရာသီ
တောကိုမှီ၏

## အမြို့မြို့အနယ်နယ်သတင်းများ

# လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ကျေးရွာလုံးကျွတ် ပေးအပ်

**တောင်ငူ မေ ၁၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်၏ ပထမဆုံးအကြိမ် လယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်း လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းကို မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် အုတ်တွင်းမြို့နယ် အုတ်ဖိုကျေးရွာအုပ်စု စိတ္တသုခကျောင်းတိုက်အတွင်းရှိ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပရာ တောင်ငူခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ တောင်ငူခရိုင် အုပ်ချုပ်ရေးမှူး ဦးကျော်သက်က တက်ရောက်အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ခရိုင်မြေစာရင်းဦးစီးမှူး ဦးမြဆောင်က လယ်ယာမြေစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ရွှေ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးနိုင်ဝင်းထွေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ တောင်သူများ စုံညီစွာ တက်ရောက်ကြပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူများက လက်ခံယူခဲ့ကြကြောင်း သိရသည်။

(၁၂၉)



# TVS မော်တော်ယာဉ်ကုမ္ပဏီမှ ရှေ့ပြေးဆိုင်ကယ်များ လှူဒါန်း

**မန္တလေး မေ ၁၆**

TVS မော်တော်ယာဉ်ကုမ္ပဏီလီမိတက်(အိန္ဒိယနိုင်ငံ)မှ မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၁၁) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲ (မန္တလေး) အတွက် ရှေ့ပြေးမော်တော်ဆိုင်ကယ် ၁၀ စီး လှူဒါန်းပွဲကို မေ ၁၃ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး ရဲသူရိန်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်ကျော်မိုးက အဖွင့်အမှာစကား ပြောကြားပြီး TVS မှ မစ္စတာ ရာမန်ခရစ္စနာက လှူဒါန်းရခြင်းကို ပြောကြားပြီး မော်တော်ဆိုင်ကယ်များအား ပေးအပ်လှူဒါန်းသည်။ ယင်းနောက် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းအား ပြန်လည်ပေးအပ်သည်။

ထို့နောက် လှူဒါန်းမှုနှင့် စပ်လျဉ်း၍ အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူး(မန္တလေး) ဒု-ရဲမှူးကြီး အောင်ကိုဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**(ကျော်မင်းသော်)**

# သောက်ရေသန့်များ ကုသိုလ်ပြုလှူဒါန်း

**မန္တလေး မေ ၁၆**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်အရှေ့ဘက် ဘုန်းတော်ကြီးကျောင်းများသို့ သောက်ရေသန့်များ လှူဒါန်းခြင်းကို မေ ၁၂ ရက် နံနက်ပိုင်းက ကျိုက်ထီးရိုးလေး ဘုန်းတော်ကြီးကျောင်း၌ ပေးအပ်လှူဒါန်းသည်။

အဆိုပါသောက်ရေသန့်များကို မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် ပြည်သူများနှင့် တပ်ဖွဲ့ဝင်များစုပေါင်း၍ ၂၀ လီတာပါ ရေသန့်ဘူးကြီး ၂၅၀ ဖြင့် ကျိုက်ထီးရိုးလေးဘုန်းကြီးကျောင်း၊ စမ်းကြားဘုန်းကြီးကျောင်းမှ သံဃာတော်များ သောက်သုံးရန် ရေသန့်များကို တပ်စုမှူးခင်မောင်ရင်နှင့် တပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းများသို့ လိုက်လံလှူဒါန်းကြသည်။

အခြားဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအတွက် သောက်ရေသန့်များ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ရာ သောက်ရေသန့်ကုသိုလ် ပါဝင်လိုသူများအနေဖြင့် ရပ်ကွက်အရန်မီးသတ်စခန်း ဖုန်း- ၇၅၃၈၄ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၃၈၇)

# ညောင်ဦး-မြင်းခြံကားလမ်းဘေးမှ ယာမြေများ ဈေးနှုန်းမြင့်တက်

**ညောင်ဦး မေ ၁၆**

မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့ကို ပေါင်းကူးဆက်သွယ်ပေးသည့် ဧရာဝတီတံတား (ပခုက္ကူ)ဖွင့်လှစ်ပြီးနောက် ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ဘက်ကမ်းရှိ ညောင်ဦး-မြင်းခြံကားလမ်းဘေး ဝဲ၊ ယာမြေကွက်များ ဈေးကောင်းပေးဝယ်နေကြောင်း သိရသည်။

ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး အချိန်ကုန်ခရီးမတွင်ခဲ့ကြရာမှ ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ဧရာဝတီတံတား (ပခုက္ကူ)ဖွင့်လှစ်ပြီးနောက် ညောင်ဦး-ပခုက္ကူလမ်းနှင့် ညောင်ဦး-မြင်းခြံကားလမ်းတို့မှာ အချိန်မရွေး ကူးသန်းသွားလာနိုင်ခြင်းများကြောင့် သွားလာမှုအဆင်ပြေပြီး လမ်းဘေးဝဲ၊ ယာရှိ လယ်ယာမြေများ ဈေးနှုန်းမြင့်တက်ခဲ့သည်။

ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအုပ်စုနှင့် သူကောင်းတည်ကျေးရွာများတွင် အချို့သောယာမြေများသည် ကျောက်ကုန်း၊ သဲကုန်းများရှိပြီး စိုက်ပျိုးမရ၍ မြေပိုင်ရှင်များ တစ်နှစ်တစ်ခေါက် မရောက်ဘဲ ဝယ်သူမပြောနှင့် မေးသူတောင်မရှိခဲ့ကြောင်း၊ ယခုအချိန်တွင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ရာသီမရွေး သွားလာရလွယ်ကူသဖြင့် ငွေကြေးတတ်နိုင်သူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းရှင်များက ရင်းနှီးမြှုပ်နှံလာကြသဖြင့် မြေနေရာအကွက်ကောင်းကို ရှာဖွေမေးမြန်းစုံစမ်းပြီး ဈေးကောင်းပေးဝယ်နေကြကြောင်း လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

အဆိုပါ မြေကွက်များတွင် မြေပဲ၊ ပဲစင်းငုံ၊ ပဲနောက်သီးနှံများ စိုက်ပျိုးကြပြီး လွန်ခဲ့သောတစ်နှစ်ခန့်က တစ်ဧက ကျပ် ၂၅ သိန်းနှင့် အရောင်းအဝယ်ဖြစ်ပြီး ယခုနှစ်သကြ္ကန်ပြီးကာလက တစ်ဧက ကျပ်သိန်း ၁၅၀ ပေး၍ ဝယ်ယူသူရှိသော်လည်း ရောင်းမည့်သူမရှိကြောင်း၊ ယခုရက်ပိုင်းတွင် ယာမြေဧက ၂၀ ကို ကျပ်သိန်း ၅၈၀၀ ပေးသော်လည်း ယာမြေပိုင်ရှင်က ကျပ်သိန်း ၆၀၀၀ရလျှင် ရောင်းမည်ဟု ဈေးဆိုင်နေကြောင်း၊ ယခုလို ဈေးကောင်းပေးဝယ်နေကြခြင်းမှာ ဧရာဝတီတံတား(ပခုက္ကူ)သည် အာဆီယံလမ်းကြောင်းကျပြီး ပခုက္ကူမြို့တွင် ကမ္ဘာလှည့်ခရီးသွားများအတွက် လေဆိပ်စခန်းနှင့် ညောင်ဦးမြို့နယ် ပုလင်းကျေးရွာအုပ်စုနှင့် သူကောင်းတည်ကျေးရွာများအနီးတွင် ဟိုတယ်ဇုန်ဖြစ်လာမည်ဟု ကြားသိရသဖြင့် စီးပွားရေးဈေးကွက်မြင်သူများက ဈေးကောင်းပေးဝယ်ယူနေကြ၍ ဈေးနှုန်းမြင့်တက်နေကြောင်း ပုလင်းကျေးရွာရှိ တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

(၅၇၁)

# ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်းအခမ်းအနားကျင်းပ

**အင်းတော် မေ ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်သာကျေးရွာအုပ်စု အောင်းကုန်းကျေးရွာတွင် မေ ၁၁ ရက် နံနက် ၉ နာရီတွင် ကိုယ့်အားကိုယ်ကိုးကျေးလက်လျှပ်စစ်မီးလင်းရေးနှင့် ကျောင်းအဆင့်တိုးမြှင့်ခြင်း ဖွင့်လှစ်ပွဲကို ကျင်းပခဲ့သည်။

အောင်းကုန်းကျေးရွာအနေဖြင့် ကျေးရွာအတွင်း မီးလင်းရေးအတွက် 200 KVA ထရန်စဖော်မာနှစ်လုံးအား ပြည်သူစုပေါင်းငွေကျပ် သိန်း ၁၁၀၀၀ ကျော်ဖြင့် တည်ဆောက်ခဲ့ကြသည်။ အခြေခံပညာအလယ်တန်းကျောင်းအဆင့်အနေဖြင့် ၂၀၁၂ ခုနှစ်တွင် တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကျောင်းသည် ၁၉၇၈-၇၉ ခုနှစ်တွင် အမကကျောင်း (တွဲဖက်)အနေဖြင့်လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် အမကကျောင်း၊ ၂၀၀၁ ခုနှစ်တွင် မူလတန်းလွန်ကျောင်း၊ ၂၀၁၁ ခုနှစ်တွင် အခြေခံပညာအလယ်တန်းကျောင်း (ခွဲ)အဖြစ် အဆင့်ဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(ကျော်သီဟ)**


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကိုယ်ပွားသတင်းစာတိုက်(မြိတ်)တွင် မြေပေါ် အလျား ၉ ပေ× အနံ ၉ ပေ၊ အမြင့် ၁၅ ပေ ရှိမည့် သံကူကွန်ကရစ်ရေစင်(၁)လုံးအား တည်ဆောက်ရန်ခွင့်ပြုထားပြီးဖြစ်၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကိုယ်ပွားသတင်းစာတိုက်(မြိတ်)တွင် ၁၆-၅-၂၀၁၃ ရက်မှစ၍ လာရောက်ထုတ်ယူနိုင်ပြီး ၁၆-၆-၂၀၁၃ ရက် မွန်းတည့် ၁၂ နာရီအရောက် တင်ဒါအဖွဲ့ဝင်များရှေ့မှောက်သို့ တင်သွင်းရန်နှင့် သတ်မှတ်ချိန်ထက်နောက်ကျသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၉-၄၂၁၈၃ သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့**
**ကိုယ်ပွားသတင်းစာတိုက်(မြိတ်)**
**မေတ္တာလမ်း၊ ရှမ်းကျောင်းရွာ၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
### ရုံးအဆောက်အအုံများ ဆောက်လုပ်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ ရုံးအဆောက်အအုံများကို ရေသန့်နှင့် လျှပ်စစ်လုပ်ငန်းများ အပါအဝင် အဆောက်အအုံ ဗိသုကာပုံစံနှင့်အညီ ဆောက်လုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) မြောင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်
(ခ) ရွှေကျင်မြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်
(ဂ) ငဖဲမြို့နယ်ရုံး (၄၄ပေ×၂၄ပေ၊ ၃၂ပေ×ပေ၂၀) တစ်ထပ်အုတ်ညှပ်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ စည်းကမ်းချက်များ၊ ဗိသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၈-၅-၂၀၁၃ ရက်မှ ၇-၆-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၈-၆-၂၀၁၃ ရက် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း အောက်ပါလိပ်စာတွင် လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၆၆၊ ၀၆၇-၄၁၂၃၆၉**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**အဆောက်အအုံများဆောက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ငှားရမ်းခြင်းလုပ်ငန်း ကော်မတီ၊**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇**

## အိတ်ဖွင့်တင်ဒါဖွင့်လှစ်ရက်ပြင်ဆင်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာများတွင် ဆောင်ရွက်မည့် အဆောက်အအုံ/လမ်း/တံတားလုပ်ငန်းများနှင့် ဌာနဆိုင်ရာများတွင် အသုံးပြုရန်လိုအပ်သော ပရိဘောဂ/စက်ကိရိယာပစ္စည်းများဝယ်ယူမည့် ၉-၅-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတွင် ကြေညာခဲ့သောအိတ်ဖွင့်တင်ဒါခေါ်ယူခြင်းနှင့်စပ်လျဉ်း၍ အဆိုပါတင်ဒါပိတ်ရက်အား ၂၁-၅-၂၀၁၃ ရက်အစား ၁၀-၆-၂၀၁၃ ရက်ဟု ပြင်ဆင်ပါကြောင်း ကြေညာအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၁၇ယ/၉၇၂၁၃၊ အမျိုးအမည် HIRAO-၁၁၀၊ အမျိုးအစားM/C ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ညို မှတ်ပုံတင်အမှတ်[၁၃/နဆန(နိုင်)၀၃၈၆၉၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

**အမည်ပြောင်း**

(အဖ)ဦးကျော်စိုးမြင့်၏သမီး ပြင်ဦးလွင်မြို့၊ အထက(၂)မှ မငြိမ်းငြိမ်းစိုးအား ယနေ့မှစ၍ မခင်ရတနာကျော်ဟု ပြောင်းလဲခေါ်ပါရန်။ **မခင်ရတနာကျော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၂ယ/၈၄၈၃၁ Yamaha Fino 115,M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိုင်းအိုက်ဆာဦး မှတ်ပုံတင်အမှတ် [၁၃/မဆတ(နိုင်)၀၀၇၁၉၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၇၃၆၃၂၊ Honda C 90 Custom CM ယာဉ်လက်ဝယ်ရှိသူအမည် ဦးဝင်းမြင့် မှတ်ပုံတင်အမှတ်[၉/မရမ(နိုင်)၀၅၆၁၆၆]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ဂ/၂၀၂၄၊ အမျိုးအမည် Super Truck PKUL-O အမျိုးအစား P/U (4x2)R ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်ခင်စန်းဌေး မှတ်ပုံတင်အမှတ်[၉/ခမစ(နိုင်)၀၀၁၅၃၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၁ယ/၈၇၇၁၃ Jialing JL90 M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးမျိုးနိုင် မှတ်ပုံတင်အမှတ်[၉/ပသက(နိုင်)၀၈၆၅၂၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၈ယ/၅၂၈၀၂၊ Zong Shan 125 ယာဉ်လက်ဝယ်ရှိသူ အမည် ဦးပြောင် မှတ်ပုံတင်အမှတ်[၁၂/ဒဂန(နိုင်)၀၁၃၃၅၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/၅၃၃၆၆၊ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူအမည် ဦးစိုင်းအောင်ကျော်လင်း မှတ်ပုံတင်အမှတ်[၉/အမဇ(နိုင်)၀၂၃၃၆၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

ဆောင်းပါး

# စွန့်ပစ်ပစ္စည်းအသုံးဝင်၊ သဘာဝပတ်ဝန်းကျင်ကို အထောက်အကူပြု

ဖေထွက်းဇော် (ရေစကြို)

ကမ္ဘာတစ်ဝန်းတွင် လူတို့၏ ပယောဂကြောင့် သဘာဝပတ်ဝန်းကျင်အားလုံး ယိုယွင်းပျက်စီးလာလျက်ရှိရာ ထိုသို့သော သဘာဝပတ်ဝန်းကျင် ပျက်စီးမှုများစွာထဲတွင် သစ်တောသစ်ပင်ပျက်စီးခြင်းကြောင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုဆိုးကျိုးကို ပိုမိုဖြစ်စေပါသည်။ ဤသို့ ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုများကြောင့် စားရေရိက္ခာစိုက်ပျိုးထုတ်လုပ်မှုကို အကြီးအကျယ်ရိုက်ခတ်ခြင်းကြောင့် သီးနှံများမအောင်မြင်ခြင်း၊ ပိုးမွှားရောဂါများကျရောက်ခြင်း၊ သီးနှံအထွက်နှုန်းကျဆင်းခြင်းတို့ကိုဖြစ်ပေါ်စေပြီး သဘာဝဘေးအန္တရာယ်ဆိုးနှင့်ကြုံတွေ့လာနိုင်သည်။

ဤသို့သော အန္တရာယ်များ၏ခြိမ်းခြောက်မှုကို ခံနေကြရသော ယနေ့ကမ္ဘာကြီးတွင် မြန်မာနိုင်ငံလည်း ပါဝင်နေပါသည်။ သို့အတွက် သာယာမျှတလှပသည့် သဘာဝပတ်ဝန်းကျင်ကောင်းများဖြစ်တည်လာရေးနှင့် မျိုးဆက်သစ်များအတွက် စိတ်အေးရစေရန် နိုင်ငံတော်အစိုးရနှင့် အတူ ပုဂ္ဂလိကကဏ္ဍမှလည်း ဒေသအနှံ့တွင် သစ်တောများထိန်းသိမ်းခြင်း၊ ထူထောင်ခြင်း၊ စိုက်ပျိုးခြင်းများကို ဦးစားပေးစီမံဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်းနေထိုင်ကြသော ပြည်သူအားလုံး၏ နေ့စဉ်စားသောက်ဖွယ်ရာများကို ပြုပြင်ချက်ပြုတ်ကြော်လှော်ရာတွင် လျှပ်စစ်ကိုအသုံးပြုချက်လုပ်ခြင်း၊ ဂက်(စ်)ကို အသုံးပြုချက်လုပ်ခြင်းသည် တစ်နိုင်ငံလုံး လူဦးရေနှင့်စာလျှင် ရာနှုန်းအားဖြင့်အလွန်နည်းပါးပြီး ထင်းနှင့်မီးသွေးကိုသာ အားထားသုံးစွဲနေကြရဆဲဖြစ်ပါသည်။ နေ့စဉ်ထင်းနှင့် မီးသွေးအသုံးပြုမှုပမာဏသည် တန်ပေါင်းများစွာသုံးစွဲနေကြရသဖြင့် သစ်တောသစ်ပင်ပြုန်းတီးမှုသည် စိုက်ပျိုးမှုနှင့်ယှဉ်လျှင် အချိုးအဆပေါင်းများစွာ ကွာဟလျက်ရှိနေပါသည်။

ဤသို့သော အခြေအနေများကြောင့် ထင်းနှင့်မီးသွေးအစား အခြားလောင်စာများကို တီထွင်ဖန်တီး အစားထိုးသုံးစွဲလာနိုင်သည်နှင့်အမျှ သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ထိန်းသိမ်းရာလည်းရောက်မည် ဖြစ်ပေသည်။

ယခုအခါ ရေစကြိုမြို့တွင် ထင်းအစားထိုးလောင်စာအဖြစ် နေ့စဉ်ချက်ပြုတ်နေသော မီးဖိုများမှ စွန့်ပစ်သော မီးသွေးအကျေ၊ အမှုန့်များဖြင့် မီးသွေးဘလောက်တုံးများပြုလုပ်နေမှုနှင့်ပတ်သက်၍ အမှတ်(၅)ရပ်ကွက်ရှိ ကိုစိုးမြင့်သန်း၏ မီးသွေးဘလောက်တုံးထုတ်လုပ်နေမှုနှင့်ပတ်သက်၍ လေ့လာခဲ့ပါသည်။

"ကျွန်တော့်ရဲ့ ထင်းအစားထိုး မီးသွေးဘလောက်တုံးကတော့ မီးဖိုများမှချက်ပြုတ်ပြီး ကြွင်းကျန်တဲ့ မီးသွေးမှုန့်၊ မီးသွေးအကျေတွေကို ပြန်လည်အသုံးပြုပြီး မီးသွေးဘလောက်တုံးလုပ်တာ ဖြစ်ပါတယ်။ ပထမမီးသွေးအကျေ၊ အမှုန့်များကို စက်ထဲထည့်ကြိတ်ရပါတယ်။ ရရှိလာတဲ့ မီးသွေးအမှုန့်တွေကို အခြားပေါင်းစပ်ပစ္စည်းနဲ့ မြေကြီးကိုရောပြီး ရေအနည်းငယ်နဲ့ နယ်ရပါတယ်။ ဘလောက်တုံးလုပ်ဖို့ အနေအထားရောက်လာတဲ့အခါ ပုံဖိစက်နဲ့ဖိပြီးရိုက်ရပါတယ်။ အချင်း ငါးလက်မ ဒုနှစ်လက်မခွဲနဲ့ မီးစွဲရန်အပေါက် ၁၂ ပေါက်ပါရှိတဲ့ ဘလောက်တုံးတွေ ပြုလုပ်၊ ခြောက်အောင်နေလှန်းပြီး ပြန်လည်ရောင်းချရပါတယ်။ တစ်တုံးကို ကျပ် ၄၀၊ များများနဲ့ ပုံမှန်ဝယ်ယူသူတွေကိုတော့ ၃၅ ကျပ် နှုန်းရောင်းပါတယ်။

"ရောင်းအားကတော့ သိပ်မကောင်းသေးပါဘူး၊ လုပ်ငန်းလည်ပတ်ရုံပဲရှိပါသေးတယ်၊ ဘာပြုလို့လဲဆိုတော့ ပြည်သူတွေကောင်းမှန်းမသိကြသေးလို့ဖြစ်ပါတယ်။"

"ဘိုးစဉ်ဘောင်ဆက်အသုံးပြုလာခဲ့တဲ့ ထင်းနဲ့ မီးသွေးကိုပဲ စွဲစွဲလမ်းလမ်းသုံးစွဲနေကြလို့ဖြစ်ပါတယ်။ အမှန်အားဖြင့် မီးသွေးဘလောက်တုံးကို အသုံးပြုခြင်းအားဖြင့် ပြာမလွင့်ဘူး၊ ထင်းလိုမီးမဆက်ဘူး၊ ယပ်ခတ်စရာမလိုဘူး၊ မီးသွေးဘလောက်တုံးက မီးဖိုထဲမှာ အခဲလိုက်ဖြစ်နေတဲ့အတွက် လွင့်စဉ်မှာကိုလည်းမစိုးရိမ်ရဘူး။ ဒါကြောင့် မီးဘေးအန္တရာယ် မစိုးရိမ်ရဘူး။ ကြိုတင်ကာကွယ်ပြီးသားဖြစ်သွားတယ်။ လက်ကိုအိုးမည်းမပေဘူး။ ဒါကြောင့် အိမ်ရှင်မများအနေနဲ့ နေ့စဉ်ချက်ပြုတ်သုံးစွဲရာမှာ မီးသွေးဘလောက်တုံးကို သုံးစွဲသင့်ပါတယ်။

"ကုန်ကြမ်းဖြစ်တဲ့မီးသွေးအကျေ၊ အမှုန့်တွေကိုတော့ တစ်တင်းခွဲဝင် ပီနံအိတ်တစ်လုံး အိမ်အရောက်ပို့တစ်အိတ်ကျပ် ၈၀၀ ဖြစ်ပါတယ်။ မိသားစုတစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းတစ်ခုပါပဲ"ဟု ရှင်းပြပါသည်။

ဤသို့အားဖြင့် မီးသွေးအကျေအမှုန့်နှင့်ထုတ်လုပ်သော မီးသွေးဘလောက်တုံးများကဲ့သို့ လွှစာမှုန့်၊ စပါးခွံ၊ မြေပဲခွံ စသည်တို့ကို အသုံးပြု၍လည်းကောင်း ထိုပစ္စည်းများနှင့်အလားတူသော ပစ္စည်းများဖြင့် ဘလောက်တုံးများ တီထွင်ထုတ်လုပ်သူက ထုတ်လုပ်၍ ဒေသအနှံ့ နေရာအနှံ့မှာ ကျယ်ကျယ်ပြန့်ပြန့်တီထွင်ထုတ်လုပ်သူက ထုတ်လုပ်၊ ပြည်သူအများကလည်း သဘောဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း အသိတရားဖြင့် မီးသွေးဘလောက်တုံးများကို အိမ်တိုင်းသုံးစွဲကြမည်ဆိုလျှင်ဖြင့် ကျွန်ုပ်တို့နိုင်ငံ၏ သဘာဝပတ်ဝန်းကျင်ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ရာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



## ဘောလုံးဒိုင်လူကြီးသင်တန်းဆင်းပွဲကျင်းပ

**ဒေးဒရဲ မေ ၁၆**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဒေးဒရဲမြို့နယ်အားကစားနှင့် ကာယပညာကော်မတီမှ ကြီးမှူးဖွင့်လှစ်သော ဘောလုံးဒိုင်လူကြီးသင်တန်းဆင်းပွဲကို မြို့နယ်အားကစားဘောလုံးကွင်းသစ်ရှိ အားကစားခန်းမ၌ မေ ၁၄ ရက် နံနက် ၉ နာရီခွဲတွင်ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ရွှေက အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဦးကျော်မြင့်လှိုင်တို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး သင်တန်းသား ၂၃ဦး တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ မေ ၁ ရက်မှ မေ ၁၄ ရက် ထိဖြစ်ကြောင်း သိရသည်။

**(ဝင်းမော်-ဒေးဒရဲ)**

## မလေးရှားနိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့် မြိတ်ရေနက်ဆိပ်ကမ်း စီမံကိန်းလုပ်ငန်းရှင်များ ဆွေးနွေး

**ရန်ကုန် မေ ၁၆**

မလေးရှားနိုင်ငံ Sheiphia Holdings Sdn Bhd (706267.A) Agromax-Ultar Max-Double Star-Farmer ကုမ္ပဏီမှဦးစီးသော စီးပွားရေးလုပ်ငန်းရှင်များနှင့် မြိတ်ရေနက်ဆိပ်ကမ်း ပြင်းငယ်-ဘုရားထွက် စက်မှုဇုန်စီမံကိန်းလုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲကို မေ ၁၄ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ် တတိယထပ် စီးပွားရေးစင်တာခန်းမ၌ကျင်းပရာ မလေးရှားနိုင်ငံ လန်ကာဝီဆိပ်ကမ်းစီမံကိန်း စီးပွားရေးလုပ်ငန်းရှင်များနှင့် မြိတ်ရေနက်ဆိပ်ကမ်း ပြင်းငယ်-ဘုရားထွက် စက်မှုဇုန်အကောင်အထည်ဖော်ဆောင်ရွက်ရေး The New Light Shpping Line မြန်မာကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာများ၊ မြန်မာ့စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုးရေနက်ဆိပ်ကမ်းနှင့် မြိတ်ရေနက်ဆိပ်ကမ်း စီမံကိန်းအုပ်ချုပ်မှုဒါရိုက်တာ ဦးတာနိုင်(ဇွန်မောင်မောင်)ဥက္ကဋ္ဌ အလင်းသစ်စပိဘုတ် ရှပ်ပြေးအမြန်ရေယာဉ်လိုင်းသစ်(ရန်ကုန်)နှင့် မလေးရှားနိုင်ငံ Sheiphia Holdings Sdn Bhd(706267.A)CEO Dr.Ebrahim Mohammed Haroon (ကိုယ်စား) မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ် ဒေါက်တာဒေါ်နုနုရီတို့က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မလေးရှားနိုင်ငံ လန်ကာဝီ ဆိပ်ကမ်းနှင့် မြိတ်ရေနက်ဆိပ်ကမ်း အခွန်လွတ်အာဆီယံရေကြောင်းကုန်သွယ်မှု စာချွန်လွှာရေးထိုးခြင်းနှင့် မြိတ်ရေနက်ဆိပ်ကမ်းစီမံကိန်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ၄၄၄၀ သန်းကို ပထမအကြိမ် ၂၀၁၄ ခုနှစ်ဇွန်လတွင် ၂၂၂၀ သန်း၊ ဒုတိယအကြိမ် ၂၀၁၅ ခုနှစ်နိုဝင်ဘာတွင် ၁၁၁၀ သန်း၊ တတိယအကြိမ် ၂၀၁၆ ခုနှစ် မေလတွင် ၁၁၁၀ သန်း ရင်းနှီးမြှုပ်နှံ၍ မြိတ်ရေနက်ဆိပ်ကမ်းစီမံကိန်းကို ငါးနှစ်အတွင်း လုပ်ငန်းပဏာမအောင်မြင်အောင် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းဆိုင်ရာ အချက်အလက်မှတ်တမ်းများနှင့် ရင်းနှီးမြှုပ်နှံမှုအသေးစိတ်ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သိရသည်။

**(စံပွါယ်ဖြူကျော်)**


လယ်ယာစပါး ပြည့်အားထား
တားဆီးကာကွယ် မီးရန်စွယ်။





ရောင်းမည်

အဆင့်မြင့်တည်းခိုခန်း ဇကဝက်နီးပါး၊ ဘန်ဂလို-၇ခန်း၊ ထောက်ကြန့်မြောက်ပိုင်း၊ ပြည်လမ်းအနီး။ (သိန်း-၂၈၅၀)

ဖုန်း-၀၉-၅၁၇၁၀၉၃





## ၉-၅-၂၀၁၃ ရက် ကြေးမုံသတင်းစာပါ ဦးဝင်းမောင်၏ ရှေ့နေများမှ အများသိစေရန် ကြေညာချက်အပေါ် တုံ့ပြန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို(၁)ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ် -၁၄ နေ ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်မြမြဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ တုံ့ပြန်ကြေညာအပ်ပါသည်။

ယင်းသတင်းစာကြေညာချက်တွင် ဦးဝင်းမောင်က ၎င်းဇနီး ဒေါ်သန္တာနုနှင့် သားသမီး(၂)ဦးတို့သည် (၎င်းမရှိခိုက်) ပစ္စည်း ၂၀-၂-၂၀၁၃ရက် (ခန့်)တွင် Land Cruser နှင့် Toyota Soara ကား(၂)စီး၊ စိန်၊ ရွှေ၊ ငွေ၊ နီလာနှင့် အဖိုးတန်ပစ္စည်းယူဆောင်၍ နေအိမ်မှ စွန့်ခွာသွားခဲ့ကြောင်း၊ ဒေါ်သန္တာနုနှင့် ၎င်းတို့သည် တရားဝင်ကွာရှင်းပြတ်စဲခြင်းမရှိသေးကြောင်းနှင့် လင်မယားအကြား မမှန်မကန် သွေးထိုးမြှောက်ပင့်ပြီး ဖြားယောင်းသွေးဆောင် လက်ခံထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဟု ကြေညာခဲ့ပါသည်။

မသန္တာနုသည် ဒေါ်မြမြဝင်း၏ သမီးအရင်းဖြစ်ပါသည်။

၂၂-၂-၂၀၁၃ရက်တွင် သားမက်ဦးဝင်းမောင်၏ မိခင်(အရင်း)ဒေါ်အမာနီက ဒေါ်မြမြဝင်း၏ နေအိမ်သို့ လာရောက်ပြီး ၎င်း၏ သားမှားယွင်းမှုကြောင့် အိမ်ထောင်ရေးပြဿနာ(အိမ်ထောင်ရေးကိစ္စကိုအသေးစိတ် ဖော်ပြလိုခြင်းမရှိပါ။) ပေါ်ပေါက်ကြောင်း အကြောင်းကြားခဲ့ပါသည်။ ထို့နေ့တွင် ဒေါ်မြမြဝင်းက သမီးနေအိမ်သို့ သွားရောက်ခဲ့ပါသည်။

သမီးမသန္တာနုက မိဘနေအိမ်သို့ ပြန်လာမည်ဖြစ်ကြောင်း ပြောဆို၍ ၎င်းပိုင် Land Cruser ကားနှင့်မောင်း၍ ပြန်ခဲ့ပါသည်။ ထိုသို့အပြန်တွင် သမီးမသန္တာနု၏ ပစ္စည်းများထည့်သည့် အိတ်များအား ကားပေါ်သို့ သားမက်ဦးဝင်းမောင်ကိုယ်တိုင် လိုက်တင်ပေးသည့်အပြင် ၎င်းနေ့ ညနေတွင် သား (၆) နှစ်နှင့် သမီး (၁၀)နှစ်ရှိ ကလေး (၂)ဦးအား အဘွားဒေါ်မြမြဝင်းနေအိမ်သို့ လာပို့ပေးခဲ့ပါသည်။

၂၆-၂-၂၀၁၃ရက်တွင် ဦးဝင်းမောင်မှ ၎င်း၏ ဒရိုင်ဘာ ဦးသန်းအောင်အား စေလွှတ်၍ Toyota Soara အနီရောင်ပြိုင်ကားနှင့် လက်ဝတ်ရတနာများအား မသန္တာနုသို့ ပေးအပ်သွားခဲ့ပါသည်။

၂၀၀၈ ခုနှစ်တွင် ဒေါ်မြမြဝင်းသည် သမီးမသန္တာနုအိမ်ခွဲနေထိုင်စဉ်က လိုအပ်သောပစ္စည်းနှင့် အရင်းအနှီးများပေးအပ်ခဲ့ပါသည်။ ကျွန်ုပ်၏ အမှုသည်ဒေါ်မြမြဝင်းသည် သမီး၏ အိမ်ထောင်ရေးကိစ္စကို ဝင်ရောက်စွက်ဖက်ပြောကြားလေ့ရှိသူ မဟုတ်သည့်အပြင် ပြဿနာကိုလည်း သမီးကိုယ်တိုင် ဖြေရှင်းဆုံးဖြတ်ရန်ကိစ္စဟု မှတ်ယူထားပါသည်။

ဤအခြေအနေတွင် ကျွန်ုပ်၏ အမှုသည်နေအိမ်၌ နေထိုင်လျက်ရှိသော မသန္တာနုနှင့် ပတ်သက်၍ လင်မယားအကြား မမှန်မကန် သွေးထိုးမြှောက်ပင့်လျက် ဖြားယောင်းသွေးဆောင်လက်ခံထားသူများကို ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာခြင်းသည်

(၁) ကလေး (၂)ဦးနှင့်နေအိမ်မှ ထွက်ခွာလာသော သမီးမသန္တာနုအားအပြင်လူ (အကြောင်းမသိသေးသူ)တို့က အထင်အမြင် လွဲမှားနိုင်ပါသည်။

(၂)ကျွန်ုပ်၏အမှုသည် ဒေါ်မြမြဝင်းနေအိမ်တွင် သမီးမသန္တာနုနှင့် မြေး(၂)ဦးတို့ လာရောက်ခိုလှုံနေထိုင်ခြင်းကိုသိလျက်နှင့် သားမက်ဦးဝင်းမောင်သည် ယောက္ခမအပေါ် မည်သည့် ပဋိပက္ခ ပြဿနာမရှိပါဘဲလျက် "သွေးထိုးသွေးမြှောက်လုပ်သည်။ ဖြားယောင်းသွေးဆောင်လက်ခံထားသူများအား ဥပဒေနှင့်အညီ အရေးယူမည်"ဟု သတင်းစာမှ ကြေညာခြင်းသည် မိဘအရင်းနှင့်တန်းတူရှိသေ လေးစားရမည့် ယောက္ခမအပေါ် ပြင်းထန်စွာ တိုက်ခိုက်စော်ကားရာ ရောက်ခဲ့ပါသည်။

ထိုသို့ ဖြစ်ရပ်မှန်ကို ဖုံးကွယ်၍ မမှန်မကန် ကြေညာခြင်းအတွက် ကျွန်ုပ်၏ အမှုသည်အား အများကို ဝန်ချ၍ တောင်းပန်ပြီး၊ ထိုကြေညာချက်အပေါ် ပြန်လည် ရုပ်သိမ်းသင့်သည်ဟု အကြံပြုကြောင်း ဦးဝင်းမောင်နှင့်အများသိစေရန် တုံ့ပြန်ကြေညာလိုက်သည်။

**ညွှန်ကြားချက်အရ-**
**ဦးနေလ**
**တရားလွှတ်တော်ရှေ့နေ**
**(စဥ်-၂၀၆၂)**
**၅၅၊ (ဒုတိယထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)
# တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)ရှိ ရုံးချုပ်နှင့် တက္ကသိုလ်/ဒီဂရီကောလိပ်/ကောလိပ်များတွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | လုပ်ငန်းတည်နေရာ | | လုပ်ငန်းအမည် |
|---|---|---|---|
| ၁ | အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) | ၁ | (၂) ထပ်ရုံးအဆောက်အအုံ(၁)လုံးအကြီးစားမွမ်းမံပြင်ဆင်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | ပြင်ပရေရရှိရေးလုပ်ငန်း (၆"Ø အဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ရေစင်၊ ရေစက်ရုံ၊ ရေပန့်၊ ရေပိုက်လိုင်း) |
| ၂ | မန္တလေးတက္ကသိုလ် | ၁ | တက္ကသိုလ်ဝင်းအတွင်းရေနုတ်မြောင်းများ ဖောက်လုပ်ခြင်း၊ မြောင်းဘောင် ကျောက်ကြီးစီခြင်း |
| | | ၂ | အင်း၀ Theatre စာသင်ခန်းမအကြီးစားမွမ်းမံပြင်ဆင်ခြင်း |
| | | ၃ | (၄)ခန်းတွဲ (၄)ထပ် အရာထမ်းအိမ်(၁)လုံး ဆောက်လုပ်ခြင်း၊ RC (ရေ၊မီး အပါအဝင်) |
| | | ၄ | စာကြည့်တိုက်အသစ်ရှေ့မျက်နှာစာ သံပန်းခြံစည်းရိုးကာရံခြင်း |
| | | ၅ | သိပ္ပံသုတေသန အဆောက်အအုံအဝင်အထွက် ကွန်ကရစ်လမ်းခင်းခြင်းနှင့် ကားရပ်နားကွင်းပြုလုပ်ခြင်း |
| | | ၆ | သိပ္ပံသုတေသန အဆောက်အအုံချိန်းလင့်ခြံစည်းရိုးကာရံခြင်း/အုတ်ခြံစည်းရိုးကာရံခြင်း |
| | | ၇ | တက္ကသိုလ်အဝင်ဂိတ်မှ ယူနီဆန်လမ်းဆုံအထိ လမ်းဘေးဝဲ၊ ယာကို Hollow Pipe ဖြင့် ခြံစည်းရိုးကာရံခြင်း(ဂိတ်တံခါးအပါအဝင်) |
| | | ၈ | အကယ်ဒမီ စာသင်ဆောင် အဝင်အထွက် ကွန်ကရစ်လမ်းခင်းခြင်း/မြောင်းကူး ကွန်ကရစ်တံတား(၂)စင်းပြုလုပ်ခြင်း |
| | | ၉ | (၈)ခန်းတွဲ (၂)ထပ် ဝန်ထမ်းအိမ်(၁) လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊မီး အပါအဝင်) |
| | | ၁၀ | (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်(၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊မီး အပါအဝင်) |
| | | ၁၁ | ခြောက်လမ်းသွားလမ်းမကြီးကတ္တရာထပ်ပိုးလွှာခင်းခြင်း/ပလက်ဖောင်းပြုပြင်ခြင်းနှင့် ကွန်ကရစ်တံတား(၂)စင်း ပြုလုပ်ခြင်း |
| ၃ | တောင်ကြီးတက္ကသိုလ် | ၁ | (၄)ခန်းတွဲ ၄ ထပ် အရာထမ်းအိမ်(၁)လုံး ဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၈)ခန်းတွဲ ၄ ထပ် ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | သိပ္ပံသုတေသနအဆောက်အအုံ(၂)ထပ် (၁)လုံး RC (ရေ၊ မီးအပါအဝင်) |
| ၄ | စစ်ကိုင်းပညာရေး တက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင်(၂)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ၁၆၀ ဦးဆံ့ ကျောင်းသားအိပ်ဆောင်(၂)ထပ်(၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | မီတာ (၄၀၀) ပြေးလမ်းဖောက်လုပ်ခြင်း/ အုတ်ရေမြောင်းပြုပြင်ခြင်း |
| | | ၄ | (၄)ခန်းတွဲ (၂) ထပ်ဝန်ထမ်းအိမ်(၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | အမျိုးသားဆောင်အသစ်သို့သွားသည့် ကွန်ကရစ်လမ်းခင်းခြင်း |
| | | ၆ | ရွှေမင်းဝံ၊ မြဇေယျာနှင့် မြဧရာအဆောင်များအား ချိန်းလင့်ခြံစည်းရိုးကာရံခြင်း (ဂိတ်တံခါး-၆-ပေါက်အပါအဝင်) |
| | | ၇ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၈ | (၄၀)ဦးဆံ့ဆရာမများဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| ၅ | မကွေးတက္ကသိုလ် | ၁ | ပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ဘက်စုံခန်းမပတ်လမ်းကွန်ကရစ်ခင်းခြင်း |
| | | ၃ | (၆)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၃)လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| | | ၄ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၅ | သိပ္ပံသုတေသနအဆောက်အအုံ (၂)ထပ် (၁)လုံး၊ RC (ရေ၊ မီးအပါအဝင်) |
| ၆ | မုံရွာတက္ကသိုလ် | ၁ | (၄၀)ဦးဆံ့ဆရာမများဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | စာသင်ဆောင်များသို့သွားသည့်လမ်းကွန်ကရစ်ခင်းခြင်း |
| | | ၃ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၄ | (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | အင်ဂျင်နီယာဌာန (၁)ထပ်အဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၆ | သိပ္ပံသုတေသနအဆောက်အအုံ (၂)ထပ် (၁)လုံး RC (ရေ၊ မီးအပါအဝင်) |
| ၇ | မြစ်ကြီးနားတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၃)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၂)ထပ်ရုံးအဆောက်အအုံ (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | ပြင်ပရေရရှိရေးလုပ်ငန်း(၈"Øအဝီစိတွင်းတူးဖော်ခြင်း/စက်တပ်ဆင်ခြင်းအပါအဝင်) |
| | | ၄ | ဘွဲ့နှင်းသဘင်အဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | (၂၀)ဦးဆံ့ဆရာမများဆောင် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၆ | (၆)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| | | ၇ | (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၃)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၈ | သိပ္ပံသုတေသနအဆောက်အအုံ (၂)ထပ် (၁)လုံး RC (ရေ၊ မီးအပါအဝင်) |
| ၈ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁ | (၂)ထပ်စာသင်ဆောင် (၃)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | သင်ကြားရေးဇုန်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း |
| | | ၃ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၄ | မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| | | ၅ | (၄)ခန်းတွဲ (၂)ထပ်အရာထမ်းအိမ် (၃)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၆ | (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၄)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| ၉ | မန္တလေးအဝေးသင် တက္ကသိုလ် | ၁ | (၂)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်(၄)လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| ၁၀ | ရတနာပုံတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | သင်ကြားရေးဇုန်အတွင်း ကွန်ကရစ်လမ်းခင်းခြင်း |
| | | ၄ | မီတာ(၄၀၀)ပြေးလမ်းပါဘောလုံးကွင်းတည်ဆောက်ခြင်း |
| ၁၁ | မိတ္ထီလာတက္ကသိုလ် | ၁ | (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ရူပဗေဒဆောင်သွပ်မိုးနှင့် မီးခံကျောက်ပြားမျက်နှာကြက် လဲလှယ်ခြင်း |
| | | ၃ | (၈)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| | | ၄ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၆ | (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၇ | (၃)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| ၁၂ | ပခုက္ကူတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၃)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ဂါလန်(၁၀၀၀၀)ဆံ့ ကွန်ကရစ်ရေစင်တည်ဆောက်ခြင်း |
| | | ၃ | 315 KVA Transformer တပ်ဆင်ခြင်း/လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း |
| | | ၄ | (၅)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၅ | မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| ၁၃ | မိတ္ထီလာစီးပွားရေး တက္ကသိုလ် | ၁ | (၂)ထပ်စာသင်ဆောင် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၂)ထပ်ဆရာမများဆောင် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း |
| | | ၄ | ဝန်ထမ်းအိမ်ရာအဝင်မြေလမ်းအား ကွန်ကရစ်ခင်းခြင်း |
| | | ၅ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၆ | မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| | | ၇ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၈ | မိုးလုံလေလုံအားကစားခန်းမ Chain Link ကာရံခြင်း |
| | | ၉ | အရာရှိအိမ်ရာအဝင်လမ်းကွန်ကရစ်ခင်းခြင်း |
| | | ၁၀ | ပင်မဆောင်နှင့် ဆရာမများဆောင်ဆက်သည့်လမ်း ကွန်ကရစ်ခင်းခြင်း |
| ၁၄ | ကျောက်ဆည်တက္ကသိုလ် | ၁ | (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်ရာ (၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | 200 KVA Transformer တပ်ဆင်ခြင်း |
| | | ၃ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၄ | သင်ကြားရေးဇုန်မှအားကစားရုံအထိ ကွန်ကရစ်လမ်းခင်းခြင်း |
| | | ၅ | (၂)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| ၁၅ | ကလေးတက္ကသိုလ် | ၁ | အရာရှိနေအိမ် (၁)ထပ် (၅)လုံးဆောက်လုပ်ခြင်း (ရေ၊ မီးအပါအဝင်) |
| | | ၂ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | 315 KVA Transformer တပ်ဆင်ခြင်း/လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်း |
| | | ၄ | ပြင်ပရေရရှိရေးလုပ်ငန်း(၈"Øအဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ရေစက်ရုံ၊ ရေပန့်အပါအဝင်) |
| | | ၅ | ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း |
| | | ၆ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၇ | မီတာ(၄၀၀)ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| | | ၈ | အင်ဂျင်နီယာဌာန(၁)ထပ်ရုံးအဆောက်အအုံဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| ၁၆ | လွိုင်ကော်တက္ကသိုလ် | ၁ | ကျောင်းဝင်းအတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်း |
| | | ၂ | (၄)ခန်းတွဲ (၂)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| ၁၇ | လားရှိုးတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | ပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၃ | (၄)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ် (၁)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီးအပါအဝင်) |
| | | ၄ | မီတာ(၄၀၀) အားကစားကွင်း Chain Link ကာရံခြင်း |
| | | ၅ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| ၁၈ | ဗန်းမော်တက္ကသိုလ် | ၁ | ပါမောက္ခချုပ်နေအိမ် (၂)ထပ် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| ၁၉ | ရွှေဘိုတက္ကသိုလ် | ၁ | (၃)ထပ်စာသင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီးအပါအဝင်) |
| | | ၂ | စာသင်ဆောင်ရှေ့ကွန်ကရစ်ခင်းခြင်း(ရေထုတ်ပြွန် ၂ လုံးအပါအဝင်) |
| | | ၃ | စာသင်ဆောင်များသို့ သွားလမ်းကွန်ကရစ်ခင်းခြင်း |
| | | ၄ | အဓိပတိလမ်းမှ အဆောင်(၃)သွားမြေလမ်းကွန်ကရစ်ခင်းခြင်း |
| | | ၅ | (၄) ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်(၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီး အပါအဝင်) |
| | | ၆ | (၄၀) ဦးဆံ့ ဆရာမများဆောင်(၂)ထပ် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၇ | ပြင်ပရေရရှိရေးလုပ်ငန်း (၈"Ø အဝီစိတွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ ရေစင်၊ ရေစက်ရုံ၊ ရေပန့်၊ ရေပိုက်လိုင်း) |
| | | ၈ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၉ | မီတာ (၄၀၀) ပြေးလမ်းပါ ဘောလုံးကွင်းတည်ဆောက်ခြင်း |
| | | ၁၀ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| ၂၀ | စစ်ကိုင်းတက္ကသိုလ် | ၁ | (၂) ထပ်စာသင်သင်ဆောင် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | ဒု-ပါမောက္ခချုပ်နေအိမ်(၂)ထပ် (၁)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၃ | (၆) ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်(၁)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၄ | (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ် (၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၅ | စာသင်ဆောင်များ၊ လက်တွေ့ခန်းများ ဆက်စပ်လမ်းကွန်ကရစ်ခင်းခြင်း |
| ၂၀ | ရေနံချောင်းဒီဂရီ ကောလိပ် | ၁ | (၃) ထပ်စာသင်ဆောင် (၁)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | လျှပ်စစ်ဓာတ်အားလိုင်းကြေးကြိုးဖြင့် အစားထိုးပြုပြင်ခြင်း၊ Main Pannel တပ်ဆင်ခြင်း၊ 400V ဓာတ်အားလိုင်းတိုးချဲ့ခြင်း |
| | | ၃ | (၄)ခန်းတွဲ (၁)ထပ် ဝန်ထမ်းအိမ်(၂)လုံး ဆောက်လုပ်ခြင်း၊ BN (ရေ၊ မီးအပါအဝင်) |
| | | ၄ | မိုးလုံလေလုံအားကစားရုံဆောက်လုပ်ခြင်း |
| | | ၅ | (၄)ခန်းတွဲ (၄)ထပ်ဝန်ထမ်းအိမ်(၂)လုံးဆောက်လုပ်ခြင်း၊ RC (ရေ၊ မီး အပါအဝင်) |
| | | ၆ | (၄၀)ဦးဆံ့ ဆရာမများဆောင်(၂)ထပ်(၂)လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| ၂၂ | မြင်းခြံဒီဂရီကောလိပ် | ၁ | အဝေးသင် ဂိုဒေါင်(၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | (၂)ထပ်စာသင်ဆောင်(၂) လုံး ဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၃ | (၂)ထပ်စာကြည့်တိုက် (၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၄ | မီတာ (၄၀၀) ပြေးလမ်းပါဘောလုံးကွင်းဆောက်လုပ်ခြင်း |
| | | ၅ | (၄)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်(၅)လုံး ဆောက်လုပ်ခြင်း၊ RC (ရေ၊ မီး အပါအဝင်) |
| ၂၃ | မိုးညှင်းဒီဂရီကောလိပ် | ၁ | (၂) ထပ်စာသင်ဆောင်(၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၂ | စာသင်ဆောင်ရှေ့ ကွန်ကရစ်ခင်းခြင်း |
| | | ၃ | ကားဂိုဒေါင် (၁)လုံး ဆောက်လုပ်ခြင်း BN |
| | | ၄ | (၂)ထပ်စာကြည့်တိုက်(၁)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |
| | | ၅ | (၆)ခန်းတွဲ (၁)ထပ်ဝန်ထမ်းအိမ်(၂)လုံးဆောက်လုပ်ခြင်း BN (ရေ၊မီးအပါအဝင်) |
| ၂၄ | မန္တလာကောလိပ် | ၁ | (၃)ထပ်စာသင်ဆောင်(၂)လုံးဆောက်လုပ်ခြင်း RC (ရေ၊ မီး အပါအဝင်) |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၅-၂၀၁၃ ရက်မှစတင်၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၀-၆-၂၀၁၃ ရက်၊ ၁၆း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် မိမိတင်သွင်းလိုသည့် လုပ်ငန်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို ဤဦးစီးဌာန၊ ဘဏ္ဍာဌာနတွင် ကျသင့်ငွေပေးသွင်းပြီး၊ ငွေသွင်းပြေစာမိတ္တူကို သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံနှင့်အတူ ပူးတွဲ၍တင်သွင်းရမည်။ လုပ်ငန်းတစ်ခုထက်ပိုမို၍ တင်ဒါတင်သွင်းလိုပါက မိမိတင်သွင်းလိုသည့် လုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးကို ပေးသွင်းပြီး သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံ ရောင်းချမည့်လိပ်စာနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)၊ ရုံးချုပ်၊ လမ်း ၈၀၊ (၃၄ × ၃၅)လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်းနံပါတ် ၀၂-၆၀၃၇၁၊ ၀၂-၆၀၃၇၇ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန(အထက်မြန်မာပြည်)**


## တိုက်ခန်းအမြန်ရောင်းမည် (ပွဲစားမလို)

850 sq ft ,4F, 1MB, 1BR, သံပန်းအပြည့်၊ ကြွေပြားခင်း ကပ်ပြီး။
P&G ပါကေးခင်းပြီး၊ အဆင့်မြင့်ပြင်ဆင်ပြီး
တိုက်C/303၊မလိခအိမ်ရာ၊ ဘ၀မြင့်မှတ်တိုင်အနီး။
သင်္ဃန်းကျွန်းမြို့နယ်။ ဖုန်း 09 5050010, 09 5009433

**အမြန်ရောင်းမည်**

နိုင်ငံခြားမှ မှာယူတင်သွင်းလာသော ပိုးစာဘောင်ကူးစက်၊ဆေးရိုက်စက်
ဖုန်း-09-5050010, 09 5009433

## ဒေါ်မော်မော်
B.Sc (Phy)Q, D.A (Myan), D.A (L.C.C.I) UK, DMAc, DFAc
L.C.C.I Level 1,2,3 & Computerised Accounting
သင်တန်းများ (15-6-2013) ရက် စမည်
09-73205079, 09-43031955

## ရောင်းမည်

သင်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၂)လမ်းရှိ မြေညီထပ်မှ
ဒါဘာအထိတိုက်ခန်းများကို စျေးနှုန်းချိုသာစွာဖြင့်
အမြန်ရောင်းမည်။
(သင်္ဃန်းကျွန်းမြို့နယ်၊ လေးဒေါင့်ကန်လမ်းမကြီးနှင့်ကပ်လျက်)
အဆင့်မြင့်ပြင်ဆင်ပြီး၊ လူနေရန်အသင့်ဖြစ်သည်။
ဖုန်း-၀၉-၅၆၀၁၀၀၁၊ ၀၉-၇၃၀၉၅၆၇၇

## အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကြီး(မက်စ်မြန်မာကုမ္ပဏီအုပ်စု ဥက္ကဋ္ဌ) **ဝဏ္ဏကျော်ထင်စည်သူ ဦးဇော်ဇော်**သည် ၃၀-၄-၂၀၁၃ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ချီးမြှင့်သည့် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန်အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်အဖြစ် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်အား ချီးမြှင့်ခံရခြင်း အတွက်အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း မြန်မာဘောလုံးတိုးတက်ရေး၊ အမျိုးဘာသာ၊ သာသနာ၊ နိုင်ငံနှင့် လူမျိုးအကျိုးကိုဆထက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**အသင်းပိုင်ရှင်များ**
**အုပ်ချုပ်သူ၊ နည်းပြများနှင့်ဘောလုံးသမားများ**
**ရောဝတီယူနိုက်တက် F.C**

## အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပသော နိုင်ငံစွမ်းဆောင်ရည်ဆုပေးပွဲမှ နိုင်ငံတော်သမ္မတကြီး၏ ရေထွက်ပစ္စည်းမွေးမြူထုတ်လုပ်မှု အကောင်းဆုံးလုပ်ငန်းရှင် ဂုဏ်ထူးဆောင်ဆုကို ရောဝတီယူနိုက်တက် FC ၏နာယကကြီး **ဦးရွှေကြိုင်(Chairman, Wah Wah Win Int'l Co.,Ltd)**အား ၃၀-၄-၂၀၁၃ ရက်တွင် ဂုဏ်ပြုချီးမြှင့်ခံရခြင်းအတွက် မိသားစုမှ ထပ်တူလိုက်လှဲစွာ ဂုဏ်ယူမိပါကြောင်းနှင့် နောင်အနာဂတ်တွင်လည်း ယခုကဲ့သို့ ဆက်လက်ပြီး နိုင်ငံနှင့်လူမျိုးအကျိုးကို အကောင်းဆုံးဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

**အသင်းပိုင်ရှင်များ**
**အုပ်ချုပ်သူ၊ နည်းပြများနှင့်ဘောလုံးသမားများ**
**ရောဝတီယူနိုက်တက် F.C**

## Myanmar Professional Development Center(MPDC) နှင့် Assumption University of Thailand (ABAC)တို့ ပူးပေါင်းဖွင့်လှစ်မည့် M.Ed.(Education and Administration) သင်တန်းသစ်ဖွင့်လှစ်မည့်အကြောင်း သတင်းကောင်းပါးခြင်း

၁။ MPDC နှင့် Assumption University of Thailand (ABAC)တို့ပူးပေါင်း၍ M.Ed.(Education and Administration) သင်တန်းသစ်ကို ၂၀၁၃ ခုနှစ် ဇွန်လတွင် စတင်ဖွင့်လှစ်တော့မည်ဖြစ်ပါသည်။

၂။ Assumption University of Thailand (ABAC) အသိအမှတ်ပြုပြည်တွင်း၊ ပြည်ပမှ ဆရာ၊ ဆရာမများကိုယ်တိုင် စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက Assumption University of Thailand မှ တရားဝင် အသိအမှတ်ပြုဘွဲ့လက်မှတ်များ ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာ၊ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**Yangon Campus-1: အဆောင်(၄)၊ အခန်း(၁)၊ Myanmar Info Tech Campus လှိုင်မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း-၀၁-၅၀၇၀၄၃၊ ၅၀၇၀၄၇၊ Email: sandra @ newklink.com Yangon Campus 2:အဆောင် (B) 12 လွှာ၊ ဒိုင်းမွန်းကွန်ဒို၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၁၂၂၀၇၁၉၊ ၀၉-၅၀၂၈၄၈၉။ Mandalay Campus; အိမ်အမှတ်(၆၂)၇၄လမ်းနှင့်၇၅လမ်းကြား၊ ဒုတိယထပ် RC အဆောက်အအုံ၊ ဖုန်း-၀၉-၇၃၂၀၃၂၀၇၊၀၉-၅၂၃၁၄၁၁၊ ၀၉-၄၂၀၇၈၆၇၈၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊လှိုင်မြို့နယ်(၇)ရပ်ကွက်၊ သံလမ်းအမှတ်(၅၂)ပထမထပ်၊ A-၂ တိုက်ခန်းအား တရားဝင်လက်ဝယ်ထားပိုင်ဆိုင်သူ ဒေါ်နာနီ[၁၀/သထန(နိုင်)၁၁၂၁၄၄]ထံမှ ဒေါ်ခင်မာဆွေ[၈/ပခက(နိုင်)၀၁၇၀၇၄]ကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ရာ အဆိုပါတိုက်ခန်းနှင့် ပတ်သက်သက်ဆိုင်သူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၁)ပတ်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်ပါက အရောင်းအဝယ်ကို ဥပဒေအညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာလာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ ၅ ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၁အင်န်၊ မြေကွက်အမှတ်-ပဥ္စမတန်းစား-၅၂၊ မြေကွက်တည်နေရာ အမှတ် ၁၅၊ စီဝါယာလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Abdul Rahin@ဦးအောင်သိန်း အမည်ပေါက် နှစ်(၉၀)ဂရန်(သက်ကုန်)မြေအား အမည်ပေါက်ဖခင် Abdul Rahin@ ဦးအောင်သိန်းနှင့် မိခင် ဒေါ်ခင်သန်း ကွယ်လွန်သဖြင့် ဒေါ်မြသင်[၁၂/မဂတ(နိုင်)၀၅၄၄၈၁]က တစ်ဦးတည်းသော သမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

![APG]

**Vacancy Announcement (For Local Only)**

**Job Title;**
Manager Position

**About APG;**
APG (Air Promotion Group) Myanmar,an affiliate of APG NETWORK, the largest organization of representations of airlines (General Sales Agents)in the world.

**Position Summary;**
A man or a woman with 3 to 5 years experience in airlines or travel Agents activities.Good knowledge in fares reservation, ticketing. Knowledge of the GDS,Amadeus,Sabre,Galileo etc.. Experience in Revenue Management techniques appreciated.

**Status;**
Full-time,Salaried

**Activities;**
-Sale of air passenger business on the services of the airline represented by APG Myanmar in accordance with the tariffs,rules,regulations and documentation provided by the carrier.
-In coordination with travel agents,reservation and ticketing on the airlines GDS as well as the related administration and clerical work such as tickets reissuances,refunds etc..
Handling of the groups.
-Promotion of the airlines services among the local communities,travel agents,tour operators, commercial firms,embassies etc..
Distribution of the Carrier's timetables,tariffs and promotional material to Agents and to the general public.
-Follow up on the airline "Corporate Accounts Contracts" in coordination with the travel agents.
Providing the airline with monthly reports of present and future market developments, including the activities of the airline's competitors as well as any other sales or commercial information that might reasonably be required by the Carrier.
-Providing constantly the airline with the financial reports.Organizing the regular international money transfers according to the airline requirements and the laws of Myanmar.
-Representation of the airline in negotiations with governmental and other local Authorities, officials, offices and agencies.
-Implementation of special publicity or advertising on request by the airline.

**How to Apply;**
Interested applicants may submit a resume with cover letter and LABOUR CARD not later than 27th May 2013,Via email;myanmar@apg-ga.com(OR)inflightcatering.ifcs@gmail.com
Personally submit to;Room 206.Shwe Hin Thar Tower B,Corner of Shwe Hin Thar Street and Pyay Road, Hlaing Township,Yangon,Myanmar.
Contact Persons: Myat Maw Htwe 09-73494225 OR Nan Ei Shwe Sin 01-654100.01-654101

## လူပျောက်



တာမွေမြို့နယ်၊ မလွှကုန်းဌေးကြွယ်ကရပ်ကွက်၊ ဇောတိကလမ်း၊ အိမ်အမှတ်(၃၀) ၅ လွှာနေ အဖ ဦးတင်ထွန်း၏သမီး မအိမွန်ကျော် (၁၅)နှစ်သည် ၅-၅-၂၀၁၃ ရက် ညနေ ၇း၃၀ နာရီတွင် နေအိမ်မှ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉၈၅၃၇၇၃၃၇၊ ၀၉၄၂၃၆၉၅၇၄၇၊ ၀၉၃၁၀၆၇၆၀၉**

## ပျောက်ဆုံးကြောင်း

ကျွန်မ ELIZABETH [၄/ပလဝ(နိုင်)၀၂၈၀၇၅] P.P M-87595I ကိုင်ဆောင်သူနှင့် ကျွန်မ MAI THAN THAN SEIN[၈/မထန(နိုင်)၀၉၆၆၇၁]P.P M-885035 တို့၏ မြန်မာနိုင်ငံကူးလက်မှတ်များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **Ph:01-667491**

# မုံရွာမြို့ ကားပြပွဲနှင့် ထုတ်ကုန်ပစ္စည်းများ ပြပွဲကြီး

နေရာ၊ မုံရွာမြို့၊ မြို့တော်ခန်းမ ရက်စွဲ၊ ၅-၆-၂၀၁၃ မှ ၉-၆-၂၀၁၃

**City Global Mark Services Co., Ltd. Tel : 01 - 399919, 09 5045766, 09 43158239, 09 421166503**




# တကယ် အသုံးတည့်တဲ့ လမ်းညွှန်




ရန်ကုန်စီးပွားရေးလမ်းညွှန်

မန္တလေးစီးပွားရေးလမ်းညွှန်

## 2013 LUCKY DRAW PROGRAM

(ဖေဖော်ဝါရီလ မှ မေလ - ၂၀၁၃)အတွင်း ကြော်ငြာထည့်သွင်းကြသော ကြော်ငြာရှင်များအတွက်

APPLE NEW IPAD & I PAD MINI

50 လုံး အပြင်

နှစ်ကုန် ထံဝပ်းပဲ အစိအစဉ်အဖြစ်



APPLE MAC BOOK AIR, I PHONE-5

နှင့် အခြား လက်ဆောင်ပစ္စည်းများကို

မဲဖောက်ပေးမှာဖြစ်ပါတယ်။

YBD MBD

ဆက်သွယ်ရန်- ၀၁-၃၇ ၃၄ ၃၇၊ ၃၇ ၃၄ ၃၅၊ ၀၂- ၇၂၂၀၀


**တစ်ဦးတည်း ဖြစ်ပါကြောင်း**

အထက(၂)၊ လမ်းမတော်၊ နဝမတန်းတွင် ပညာသင်ကြားခဲ့သော စိုင်းဆိုင်လီနှင့် စိုင်းစွမ်ဝမ်[၁၃/နစန(နိုင်)၀၇၇၉၂၈]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**စိုင်းဆိုင်လီ(ခ)စိုင်းစွမ်ဝမ်**

**တစ်ဦးတည်း ဖြစ်ကြောင်း**

ကျွန်တော် မောင်ပေါင်ဒိမုန်နှင့် မောင်ပေါင်အိုဒိတ်မုန်သည် တစ်ဦး တစ်ယောက်တည်းဖြစ်ပါကြောင်း။


May 23


**ဖခင်အမည်မှန်**

ထားဝယ်မြို့၊ အမှတ်(၂၅၂)၊ ကျိုက်ထီးရိုးလမ်း၊ ထိန်ပင်ဟောင်းရပ်နေ မပြည့်ပြည့်ဖြိုး[၆/ထဝန(နိုင်)၁၀၉၅၅၂]ကိုင်ဆောင်သူ၏ ဖခင်ဖြစ်သူ အမည်မှန်မှာ ဦးမောင်စိန်(ခ)ဦးစိန်[၆/ထဝန(နိုင်)၀၁၇၀၆၉]ဖြစ်ပါကြောင်း

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**ဦးတင်မြင့်** (MD, THIRI SANDAR Co.,Ltd.)သည် ၅-၅-၂၀၁၃ ရက်တွင် စွယ်စုံမီဒီယာဂရု(ပ်)၏ သုတစွယ်စုံစာအုပ်တိုက်မှ ချီးမြှင့်သည့် စာပဒေသာဘာသာရပ်အတွက် **မောင်မောင်တင်**၏ **"လူနာ၊ သူနာပြုဆရာဝန်နှင့်ကျွန်တော်"** စာအုပ်ဖြင့် ဆုရရှိပါသောကြောင့် ကျွန်တော်၊ ကျွန်မတို့ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

**ဦးကျော်၊ ထွေး၊ မာ၊ မြင့်လေး၊ မြင့်သန်း၊ စောမူ၊ စန်းတင့်၊ ခင်စန်း၊ အုံးနှစ်၊ မြင့်မြင့်၊ မိခင် တင်တင်မြင့်၊ တင်တင်ရွှေ၊ တင်တင်အုန်း၊ သိန်းသိန်းအေး။**

# ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရောဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်ခွဲ၊ ချောင်းသာရွာနေ ဦးစောလွင်-ဒေါ်ခင်ညွန့်(သိန်းသန်းအောင်စတိုး)တို့၏ သားငယ်

**ကောင်းထက်ဇော်(ခ) ကောင်းကောင်း**

**Assistant Engineer KTC Construction Pte.Ltd. Singapore**

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဒုရဲမှူးကြီးဘစိန်(ငြိမ်း) -ဒေါ်နုနုယဉ်တို့၏ သမီးငယ်

**မြအိမ်ဇံ(ခ)ပုံ့ပုံ့**

**(Final year School of Social Sciences Singapore Management University)**

တို့သည် ၅-၅-၂၀၁၃ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်းနှင့် အစစအရာရာကူညီပေးခဲ့ကြသော မိတ်ဆွေသူငယ်ချင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**

**ကောင်းထက်ဇော်(ခ)ကောင်းကောင်း- မြအိမ်ဇံ(ခ) ပုံ့ပုံ့**

**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၁၂ယ/၃၆၇၇၅ ယာဉ်လက်ဝယ်ရှိသူအမည် ဦးအောင်မင်းသန့် မှတ်ပုံတင်အမှတ် [၉/မထလ(နိုင်)၂၀၄၂၁၃]မှ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး (ပြင်ဦးလွင်)**


"ရွှေတောင်ခေါက်ဆွဲ"

ကောင်းကောင်း သုံးဆောင်လိုသူများအတွက် . . .

KEYSTONE

TEA . COFFEE . NOODLES.

ဆိုင်(၁) - ၁၉၉၉ သီရိရတနာအထက်ပြင်ဈေး
နေပြည်တော်
☎ : (067) 4-222-78 6 am to 6 pm

ဆိုင် (၂) - Junction Nay Pyi Taw
နေပြည်တော်
☎ (067)421617 ext-101 10 am to 9 pm

ဆိုင် (၁) ဟံသာဝတီလမ်း 538736, 527850
ဆိုင် (၂) Ocean (North Point)
ဆိုင် (၃) Junction - 8
ဆိုင် (၄) Junction - Square
ဆိုင် (၅) Junction - Maw Tin

ရွှေပလ္လင်

TEA. COFFEE. NOODLES.

"ညှပ်ပြားကော်ပြန့်စိမ်း"

အရမ်းကောင်းဆိုပဲ!

တွေ့ ကြ ရ အောင် "ရွှေပလ္လင်" မှာ . . .

သစ်လုံးခွဲမည်

Band Saw သစ်စက်ကြီးဖြင့် သစ်လုံးခွဲစီတ်ခြင်း၊ သစ်ပေါင်းဖိုများဖြင့် ...

ယနေ့မော်ဒယ်မြင့် ကားများအတွက်

ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း

(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြု၍)

ရှမ်း လ ဝ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်

OBDII , OBDI

Engine Doctor Engineering

No. 102, GFloor, 52nd st, Middle, Yangon. Tel : 09 4211 444 95, 96, 97

ပြည့်စုံအောင်

Dressmaking & Pattern Cutting Course

# ဆိုင်ကလုန်းမုန်တိုင်း မဟာစင် စစ်တကောင်းမြို့အနီးမှ ဖြတ်ကျော်၊ ရခိုင်ပြည်နယ်အတွင်း သာမန်လေပြင်းတိုက်ခတ်မှုဖြစ်ပေါ်ပြီး မိုးရွာသွန်းမှု အခြေအနေသာဖြစ်ပေါ်ခဲ့ တစ်စုံတစ်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိ



ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းအန္တရာယ်ကင်းရှင်းသွားမှုကြောင့် ပြည်သူများ ပုံမှန်သွားလာလျက်ရှိသည်ကို တွေ့မြင်ရစဉ်။

နေပြည်တော် မေ ၁၆

ယနေ့ ညနေပိုင်းတိုင်းထွာချက်များအရ ဆိုင်ကလုန်းမုန်တိုင်း မဟာစင်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေကို စစ်တကောင်းမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီး ကုန်းတွင်းမုန်တိုင်းငယ်အဖြစ် အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားလျက် တဖြည်းဖြည်း အားပျော့ပျက်ပြယ်သွားမည်ဟု ခန့်မှန်းထားကြောင်းမိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည်။

ရခိုင်ပြည်နယ်အတွင်း ယနေ့ နံနက်ပိုင်းမှ ည ၇ နာရီအထိ သာမန်လေပြင်းတိုက်ခတ်ကာ မိုးရွာသွန်းမှု အခြေအနေသာဖြစ်ပေါ်ခဲ့ပြီး တစ်စုံတစ်ရာ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိကြောင်း၊ လူ၊ တိရစ္ဆာန် သေဆုံး၊ ပျောက်ဆုံး၊ ဒဏ်ရာရရှိမှု မရှိကြောင်း ရခိုင်ပြည်နယ်အစိုးရထံမှ သတင်းရရှိသည်။ (သတင်းစဉ်)

ကြော်ငြာ စာမျက်နှာ အပိုပါရှိ

**ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကြော်ငြာ ကၤခၤဂၤဃ လေးမျက်နှာ အပိုပါရှိပါသည်။**

## သီရိမင်္ဂလာခုံးကျော်တံတားပေါ်မှ ကုန်တင်ယာဉ်ထိုးကျ

စစ်ကိုင်း မေ ၁၆

မေ ၁၅ ရက် နံနက် ၈ နာရီခန့်က မန္တလေးဘက်မှ မောင်းနှင်လာသည့် CANTER အမျိုးအစား ကုန်တင်ယာဉ်တစ်စီးသည် စစ်ကိုင်းသီရိမင်္ဂလာ ခုံးကျော်တံတား ချဉ်းကပ်လမ်းပေါ်မှ တစ်ဖက် ယာဉ်ကြော၏ ချဉ်းကပ်လမ်းအောက်ဘက်သို့ အရှိန်လွန်ကာထိုးကျသွားသည်။ ချဉ်းကပ်လမ်းဘေးဘက်တွင် ကာရံတားဆီးထားသည့်ကွန်ကရစ်တိုင်ငါးတိုင် ကျိုးပြတ်သွားခဲ့ သော်လည်းခရီးသည်နှင့်ကုန်စည်များ မပါရှိသဖြင့် ကုန်ပစ္စည်းဆုံးရှုံးမှု၊ လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းသိရသည်။ (၃၂၃)



## မဟာစင်ဆိုင်ကလုန်းမုန်တိုင်း ဘင်္ဂလားဒေ့ရှ်ကမ်းရိုးတန်းဒေသကိုဖြတ်သန်း

ဘင်္ဂလားဒေ့ရှ် မေ ၁၆

မဟာစင် ဆိုင်ကလုန်းမုန်တိုင်းသည် မေ ၁၆ ရက် မွန်းလွဲပိုင်းက အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားပျော့သွားရာ ကနဦး စိုးရိမ်ပူပန်ခဲ့သည်ထက် ထိခိုက်ပျက်စီးမှုများစွာ လျော့နည်းခဲ့ကြောင်း၊ မဟာစင်မုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းဒေသကို ဖြတ်သန်းဝင်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် မုန်တိုင်းဒဏ်ကို တိုက်ရိုက် တွေ့ကြုံခံစားရခြင်းမှ လုံးဝနီးပါး ရှောင်လွှဲနိုင်ကြောင်း အေပီသတင်းဌာနက သတင်းထုတ်ပြန်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းမြို့ အနောက်မြောက်ဘက်မှ မဟာစင်မုန်တိုင်းဝင်ရောက်လာခြင်းမရှိမီ ဘင်္ဂလားဒေ့ရှ် ပင်လယ်ကမ်းရိုးတန်းဒေသများမှ ပြည်သူတစ်သန်းအထိကို ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။

မဟာစင်မုန်တိုင်းကြောင့် ပြည်သူ ၈ဒသမ ၂သန်းအထိ ဘေးဒုက္ခရောက်နိုင်သည်ဟု ကုလသမဂ္ဂက ကြိုတင်သတိပေးခဲ့ရာ ဒေသတွင်း နိုင်ငံများအနေဖြင့် မုန်တိုင်းဒဏ်မှ ပြည်သူများ ဘေးဒုက္ခကင်းဝေးစေရန် ကြိုတင်ပြင်ဆင်မှုအရပ်ရပ်ကို ပြုလုပ်ခဲ့ကြသည်။

မဟာစင်မုန်တိုင်း အင်အား ပျော့သွားပြီး ကြိုတင်ခန့်မှန်းခဲ့သည့်




ဘင်္ဂလားဒေ့ရှ်ပင်လယ်ကမ်းရိုးတန်းဒေသ၌ မုန်တိုင်း မဝင်ရောက်မီ တွေ့မြင်ရစဉ်။

ရွေ့လျားလမ်းကြောင်း၏ အနောက်ဘက်သို့ လမ်းကြောင်းပြောင်းလဲသွားခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေသိပ်သည်းသော ဒေသများဖြစ်သည့် စစ်တကောင်းမြို့နှင့် ကောက်ဘဇာမြို့တို့မှာ မုန်တိုင်းဒဏ်မှ လွတ်မြောက်သွားခဲ့သည်ဆို၏။

စာမျက်နှာ ၉ ကော်လံ ၁ သို့





